# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျာ။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများစာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမှာ ခွင့်ပန်ကြားသူ ၄၆ ဦးအနက် ၃၃ ဦးမှာ ယမန်နေ့များကပန်ကြားထားပြီး ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦးမှာ-

(၁) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊

**မူကြမ်း**

(၃) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၂ ရက်၊

(၄) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းမြခေါင်လွင် ခွင့် ၄ ရက်၊

(၅) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၇) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၉) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၃ ရက်၊

(၁၀) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၁) စဥ့်ကူးမဲဆန္ဒနယ်မှ ဦးအောင်ဆန်း ခွင့် ၁ ရက်၊

(၁၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၁၃) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၃ ဦး ရှိပြီး ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်တဲ့အတွက် လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်ပါမယ်။

## ပေါင်မြို့ ဘူတာအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်မြင့်(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ယနေ့ကြွရောက်လာကြတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမ လေးစားစွာဖြင့် ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ပေါင်မြို့နယ်မှာ မြို့နယ်တစ်ခုတည်းသောဘူတာဖြစ်တဲ့ ပေါင်မြို့မဘူတာကို ယိုယွင်းပျက်စီးနေတာကို ပြန်လည်ပြီးတော့ အသစ်ပြန်လည်တည်ဆောက်ပေးဖို့ကိစ္စနှင့်ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အနည်းငယ်တင်ပြရရင် ဒီဘူတာဟာ ဘယ်နှစ်ခုနှစ်ကတည်းက တည်ဆောက်ထားသလဲဆိုတော့ ကျွန်တော်လည်းမသိပါဘူး။ ကျွန်တော်တို့ ပေါင်ဘူတာနဲ့အနီးဆုံးဖြစ်တဲ့ ပန်းစကြံာရပ်ကွက်မှာရှိတဲ့ အသက် ၉၃ နှစ်ရှိတဲ့ ဦးလှတင်နဲ့ အသက် ၈၇ နှစ်လောက်ရှိတဲ့ ဦးသိန်းလွင်တို့ကို ကျွန်တော်မေးလိုက်တဲ့အခါမှာ သူတို့လည်းပဲ အဲ့ဒီမှာ ဝန်းကျင်မှာ ကစားနေတုန်းအချိန်မှာ ဘူတာဆောက်ထားပြီးပါပြီတဲ့။ ဒါကြောင့်မို့လို့ အတော်လေးတော့ ကြာပြီပေါ့။ ဒါကြောင့်မို့လို့ သူတို့ပျက်စီးယိုယွင်းတဲ့ဘူတာကို ကျွန်တော်တို့ ပြန်ဆောက်ပေးဖို့ဖြစ်ပါတယ်။ နောက်ပြီး ဒီဘူတာပြန်လည်ကြည့်ရင် ကျွန်တော်တို့ ရန်ကုန်-မော်လမြိုင်၊ ရန်ကုန်-ထားဝယ်၊ နေပြည်တော်-မော်လမြိုင် အမြန်ရထားတွေ ဆိုက်ရောက်ရပ်နားတဲ့ဘူတာလည်း ဖြစ်ပါတယ်။ ခရီးသွားလာမှုလည်း ကျွန်တော်တို့ ပေါင်မြို့နယ်မှာ ဒီဘူတာတစ်ခုပဲ အားထားနေရပါတယ်။ နောက်ပြီး ကျွန်တော်တို့ မော်လမြိုင်တံတားကြီး တည်ဆောက်ပြီးသွားတဲ့အချိန်မှာ မုတ္တမဘူတာကို ဖျက်သိမ်းပြီး

တော့ မုတ္တမမှာ ရပ်စခန်းအဆင့်သာ ထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ခရီးသွားလာမှုမှာ ဒီဘူတာကိုပဲ အဓိကအားထားနေရတဲ့အတွက်ကြောင့်မို့ ကျွန်တော်မေးမြန်းလိုတာကတော့ ယိုယွင်းပျက်စီးနေတဲ့ ကျွန်တော်တို့ ပုံမှာတွေ့တဲ့အတိုင်းပဲ ဘူတာကို အသစ်ပြန်လည် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် အသစ်ပြန်လည်တည်ဆောက်ပေးနိုင်လို့ရှိရင်လည်းပဲ အနီးဆုံး ဘတ်ဂျက်မှာထည့်သွင်းပေးနိုင်မှုရှိ/မရှိ။ မဆောက်ပေးနိုင်ရင်လည်း ဘာကြောင့်ပါလဲဆိုတာကို ကျွန်တော် မြို့နယ်ပြည်သူပြည်သားများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျာ။

နှစ်ကြာမြင့်ပြီဖြစ်တဲ့ ယိုယွင်းပျက်စီးနေတဲ့ ပေါင်မြို့ဘူတာကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး လက်ရှိဘူတာရုံကို ဥပဓိရုပ်ကောင်းမွန်စေရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာရရှိထားပြီးဖြစ်တဲ့ သာမန်အသုံးစရိတ်ငွေထဲကနေပြီးတော့ ငွေကျပ် ၄၉.၃ သိန်းကျခံပြီးတော့ ပေါင်ဘူတာကို ပြုပြင်ပေးမှာဖြစ်ပါတယ်။ ပေါင်ဘူတာပြုပြင်မှာကတော့ အမိုးနှင့် ရေသွားလျှောက်တွေ ၉.၅၆ သိန်း၊ ပေါင်ဘူတာ ပလက်ဖောင်း Shed နှင့် ကြမ်းခင်းပြုပြင်ခြင်းအတွက် ၈.၆၆ သိန်း၊ ပေါင်ဘူတာဆေးသုတ်မွမ်းမံခြင်းအတွက် ၉.၅၀ သိန်း၊ ပေါင်ဘူတာ နံရံအချောကိုင်ခြင်းအတွက် ၆.၅၅ သိန်း၊ ပေါင်ဘူတာ Rail Fence ဆေးသုတ်ခြင်းအတွက် ၅.၅၆ သိန်းနှင့် ပေါင်ဘူတာရုံ ရုံပိုင် ရုံးခန်း၊ တံခါး၊ ပြတင်းပေါက်နှင့် နံရံများပြုပြင်ခြင်းအတွက် ၉.၄၇ သိန်း စုစုပေါင်း ၄၉.၃ သိန်းနဲ့ လုပ်ငန်းများ ပြုပြင်ဆောင်ရွက်ပေးရန် ကျွန်တော်တို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီ လုပ်ငန်းတွေကို စတင်ဆောင်ရွက်ဖို့အတွက် ပစ္စည်းများလည်း စုဆောင်းထားရှိပြီးဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိ

ကာလကတော့ မိုးတွင်းကာလဖြစ်နေတဲ့အပြင် ပေါင်မြို့ဟာ မိုးများတဲ့ဒေသဖြစ်နေတဲ့အတွက်ကြောင့် ပွင့်လင်းရာသီဖြစ်တဲ့ ကျွန်တော်တို့ ဒီနှစ်ပေါ့။ ၂၀၁၄ ခုနှစ် အောက်တိုဘာလအကုန်မှာ ကျွန်တော်တို့ ပေါင်မြို့ဘူတာကို အပြီးပြင်ဆင်မှုဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါင်းတည်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းအနေနဲ့က လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နဲ့ လိုင်စင်မဲ့လျှပ်စစ်ဆိုင်ကယ်ဘက်ထရီဘီးများကို သုံးစွဲကြသူအများစုဟာ သာမန်ပြည်သူများဖြစ်ကြပြီးတော့ အထူးသဖြင့် ကျေးရွာများမှာ ဖြစ်ကြပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေမှာ သွားရေးလာရေး လွယ်ကူအောင်လို့ သူတို့မရှိမဲ့၊ ရှိမဲ့ငွေနဲ့ ချေးငွေများနဲ့ ဝယ်ယူစီးကြတဲ့လူတွေက များကြပါတယ်။ သူတို့ဟာ နိုင်ငံခြားကနေပြီးတော့ တိုက်ရိုက်မှာယူတင်သွင်း စီးနင်းကြသူများ မဟုတ်ကြပါဘူး။ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နဲ့ လိုင်စင်မဲ့လျှပ်စစ်ဆိုင်ကယ် ဘက်ထရီဘီးများဟာ မမှန်ကန်တဲ့ နည်းလမ်းမျိုးစုံနဲ့ ပြင်ပကနေပြီးတော့ တင်သွင်းလာကြခြင်းဖြစ်ပြီး ပြည်တွင်းက ဆိုင်ကယ်ရောင်းချသူတွေက တရားဝင်သကဲ့သို့ ရောင်းချနေခြင်းကြောင့် အလွယ်တကူပဲ ဝယ်ယူသုံးစွဲနေခဲ့ရခြင်းဖြစ်ပါတယ်။ ဒီလိုမော်တော်ဆိုင်ကယ်နဲ့ လျှပ်စစ်ဆိုင်ကယ် ဘက်ထရီဘီးများကို တရားမဝင်တင်သွင်းလာသဖြင့် ကျွန်တော်တို့ နိုင်ငံတော်အတွက်မှာ ရသင့်ရထိုက်တဲ့အခွန်ငွေတွေကို ကျွန်တော်တို့မရရှိတော့ဘဲ နစ်နာမှုတွေရှိနေပါတယ်။ လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ တင်သွင်းရောင်းချခြင်းတွေကို တင်းကြပ်စွာတားမြစ်နိုင်လို့ရှိရင် အခုလို လိုင်စင်မဲ့စီးနင်းသူတွေဟာ အလိုအလျောက်ပပျောက်သွားမယ်လို့ ယုံကြည်ပါတယ်။

**မူကြမ်း**

သို့ဖြစ်ပါ၍ လိုင်စင်မလုပ်သော မော်တော်ဆိုင်ကယ်များနှင့် လိုင်စင်မဲ့ လျှပ်စစ်ဆိုင်ကယ် ဘက်ထရီဘီးတွေကို ဖမ်းပြီးတဲ့အခါမှာ လိုင်စင်ပြုလုပ်ခိုင်းပြီးတော့ လိုင်စင်ပြုလုပ်ပြီးပါက ပြန်ပြီးပေး နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ လျှပ်စစ်ဆိုင်ကယ် ဘက်ထရီဘီးများအနေနဲ့ အင်ဂျင်ဘီးတွေလို Power မမြင့်ဘဲနဲ့ ခရီးဝေး ၁၀ မိုင်အထက်ကို မသွားနိုင်တဲ့အတွက်၊ အဆင်မပြေတဲ့အတွက် အင်ဂျင်ဘီးတွေထက်သက်သာတဲ့ အခွန်နှုန်းထားဖြင့် သတ်မှတ်ကောက်ခံပေးနိုင်ခြင်းရှိ/မရှိ။ လိုင်စင် ပြုလုပ်ရန်အတွက် ယခု ဆောင်ရွက်ပေးနေတဲ့အချိန်ထက် လုံလုံလောက်လောက်ထပ်မံတိုးမြှင့် ပေးကာ လွယ်ကူမြန်ဆန်သော လုပ်ငန်းစဉ်နဲ့ မြို့နယ်တိုင်းမှာ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင် ခြင်းရှိ/မရှိနဲ့ လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ဆိုင်ကယ်တွေကို ခိုးသွင်းရာလမ်းကြောင်းတွေဖြစ်တဲ့ နယ်စပ် အဝင်လမ်းကြောင်းများမှာ တားဆီးပိတ်ဆို့အရေးယူမှုနဲ့ ပြည်တွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဖြတ်ကျော် ဝင်ရောက်လာပြီး ဆိုင်တင်ရောင်းချနေတဲ့ လိုင်စင်မဲ့၊ အကောက်ခွန်မဲ့ဆိုင်ကယ်တွေကို ထိထိ ရောက်ရောက်အရေးယူနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သိန်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှစ်ခုတို့ရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင် ကဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်အတွင်း တရားမဝင်တင်သွင်းရောက်ရှိနေတဲ့ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တွေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စစ်ဆေးတွေ့ရှိလို့ရှိရင် ၂၀၁၂ ခုနှစ်၊ ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ ၈ အရ သိမ်းဆည်းပြီးတော့ အမှုဖွင့်အရေးယူပြီး သက်သေခံမော်တော် ဆိုင်ကယ်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၃ နှင့်အညီ သက်ဆိုင်ရာ တရားရုံးကို တရားစွဲဆို တင်ပို့ရပါတယ်။ အဲ့ဒီသက်သေခံမော်တော်ဆိုင်ကယ်တွေကိုတော့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ

၅၁၇ အရ တရားရုံးများမှ စီမံခန့်ခွဲပြီးတော့ Open Tender နဲ့လေလံတင်ရောင်းချမှုပြုမယ်ဆိုရင် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးတွေမှာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးရပါတယ်။ လေလံတင်ရောင်းချမှုမပြုတဲ့ မော်တော်ဆိုင်ကယ်တွေကိုတော့ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနကို လွှဲပြောင်းပေးပို့ ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် မော်တော်ဆိုင်ကယ်တွေကို သွင်းကုန်လိုင်စင်ရရှိထားတဲ့ ကုမ္ပဏီတွေအနေနဲ့ ပင်လယ်ရေကြောင်းက တင်သွင်းနိုင်တဲ့အပြင် နယ်စပ်ဝင်ပေါက်တွေက တရားဝင်တင်သွင်းခွင့် ခွင့်ပြုထားပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းမှုများရှိသကဲ့သို့ နယ်စပ်ကုန်သွယ်မှုစခန်းတွေကို ရှောင်ကွင်းပြီးတော့ တောလမ်း တွေကတင်သွင်းခြင်း၊ နယ်စပ်ကုန်သွယ်မှုစခန်း ဖွင့်လှစ်စစ်ဆေးနိုင်ခြင်းမရှိတဲ့ တရားမဝင် လမ်းကြောင်းများမှ တင်သွင်းခြင်းများကြောင့် လိုင်စင်မဲ့ဆိုင်ကယ်များ ပြည်တွင်းကိုရောက်ရှိနေ ပြီးတော့ ပြည်သူများ ဝယ်ယူသုံးစွဲနေခြင်းဖြစ်ပါတယ်။ တရားမဝင် တင်သွင်းနိုင်တဲ့လမ်းကြောင်းတွေ အနေနဲ့တော့ တနင်္သာရီတိုင်းဒေသကြီးမှာ လေးလမ်း၊ ကရင်ပြည်နယ်မှာ သုံးလမ်းနဲ့ ကယားပြည်နယ် မှာ တစ်လမ်း၊ ရှမ်းပြည်နယ်မှာ ၁၁ လမ်းရှိတာကို စိစစ်ဖော်ထုတ်လို့ရပါတယ်။

အထက်ဖော်ပြပါနယ်စပ်ရှောင်ကွင်းတောလမ်းတွေကနေပြီးတော့ ယခင်က နယ်မြေအေးချမ်းမှု မရှိတာကို အခွင့်ယူပြီးတော့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို တရားမဝင်တင်သွင်းနေမှုများကို တော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သီးခြားတာဝန်ပေးအပ်ပြီးတော့ ပုံသေပိတ်ဆို့ဖမ်းဆီးနိုင်ခြင်းမရှိသေး သော်လည်းပဲ ပြစ်မှုကျူးလွန်ခြင်း၊ ယာဉ်စည်းကမ်း/လမ်းစည်းကမ်းဖောက်ဖျက်ခြင်း၊ ယာဉ်တိုက်မှု ကျူးလွန်ခြင်းများကြောင့် အရေးယူဆောင်ရွက်ရာမှာ သိမ်းဆည်းရမိတဲ့ယာဉ်တွေကို စိစစ်ပြီးတော့ မှတ်ပုံတင်ထားခြင်းမရှိတဲ့ လိုင်စင်မဲ့ယာဉ်တွေကိုတော့ ၂၀၁၂ ခုနှစ်၊ ပို့ကုန်/သွင်းကုန် ဥပဒေပုဒ်မ ၈ နဲ့ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေနဲ့ ၂၀၁၂ ခုနှစ်မှာ အမှု ပေါင်း ၁၇၁၉ မှုဖြစ်ခဲ့ပြီးတော့ လိုင်စင်မဲ့မော်တော်ကား ၂၈၅ စီး၊ မော်တော်ဆိုင်ကယ် ၁၄၇၉ စီး၊ ထော်လာဂျီ ၃၂ စီး၊ ၂၀၁၃ ခုနှစ်မှာ အမှုပေါင်း ၂၄၆၃ မှုဖြစ်ပြီးတော့ လိုင်စင်မဲ့မော်တော်ကား ၇၇၉ စီး၊ မော်တော်ဆိုင်ကယ် ၁၈၅၀ စီး၊ ထော်လာဂျီ ၂၅ စီး၊ ၂၀၁၄ ခုနှစ် ဇူလိုင်လကုန်အထိတော့ အမှု ပေါင်း ၁၂၄၇ မှုမှာ လိုင်စင်မဲ့မော်တော်ကား ၅၁၉ စီး၊ မော်တော်ဆိုင်ကယ် ၇၈၈ စီး၊ ထော်လာဂျီ ၁၆

စီးတို့ကို အရေးယူနိုင်ခဲ့ပါတယ်။ တရားမဝင်တင်သွင်းခဲ့တဲ့ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီး အရေးယူလို့ရှိရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြန်လည်ပေးအပ်ပိုင်ခွင့်မရှိကြောင်းနဲ့ ၂၀၁၂ ခုနှစ်၊ ပို့ကုန်/သွင်းကုန် ဥပဒေအရသာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

မြန်မာနိုင်ငံအတွင်းကိုရောက်ရှိနေတဲ့ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်တွေကိုတော့ One Stop Service စနစ်နဲ့ ၁၉၉၉ ခုနှစ်ကနေပြီးတော့ ၂၀၁၄ ခုနှစ် ဇူလိုင်လအထိ စုစုပေါင်း ကိုးကြိမ် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲ့ဒီမှတ်ပုံတင်ပြုလုပ်ပေးတဲ့ သတ်မှတ်ကာလများအတွင်းမှာတော့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို မှတ်ပုံတင်ပြုလုပ်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူဖမ်းဆီးခြင်းမပြုခဲ့ပါဘူး။ စီမံချက်နဲ့ မော်တော်ဆိုင်ကယ်စီးရေ စုစုပေါင်း ၃၂၈၄၉၁၇ စီး ကျွန်တော်တို့ မှတ်ပုံတင်ပေးခဲ့ပါတယ်။ ၃၁-၈-၂၀၁၄ ရက်နေ့အထိ မှတ်ပုံတင်ထားတဲ့ မော်တော်ဆိုင်ကယ်စီးရေက တော့ စီးရေ ၄၀၀၇၂၀၈ စီးရှိပါတယ်။ မှတ်ပုံတင်မဲ့ လျှပ်စစ်မော်တော်ဆိုင်ကယ်တွေကိုတော့ ၇-၇-၂၀၁၄ ကနေ ၃၁-၇-၂၀၁၄ ရက်နေ့အထိ ၁၃၄၁ စီး မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မော်တော် ဆိုင်ကယ်အုပ်စုအဖြစ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ကောက်ခံသည့် ငွေပမာဏများဟာ သွားပြီးတော့ ဆိုင်ကယ်နဲ့လျှပ်စစ်ဆိုင်ကယ်နဲ့တူနေသော်လည်းပဲ လျှပ်စစ်ဆိုင်ကယ်ကို ကျွန်တော်တို့ ယာဉ်သက်တမ်း လေးနှစ်ပေးထားတာဖြစ်ပါတယ်။ ရိုးရိုးမော်တော်ဆိုင်ကယ်ကိုတော့ ယာဉ်သက်တမ်း နှစ်နှစ်ပဲပေးထားတာဖြစ်တဲ့အတွက်ကြောင့် လျှပ်စစ်ဆိုင်ကယ်ရဲ့ နှစ်လဲမှတ်ပုံတင်နှုန်းထားများဟာ ရိုးရိုးမော်တော်ဆိုင်ကယ်ရဲ့ ထက်ဝက်မျှသာရှိတဲ့အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ သက်သာမှုရှိတဲ့အနေအထားမျိုးဖြစ်ပါတယ်ဆိုတာ ကျွန်တော် တင်ပြလိုပါတယ်။ တရားမဝင်ရောက်ရှိနေတဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို One Stop Service စီမံချက်နဲ့ ထပ်မံပြီးတော့ ဆောင်ရွက်ပေးခြင်းမပြုတော့ဘဲနဲ့ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို အရေးယူဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေက တိုက်ရိုက်တာဝန်ယူ ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တွေကို ဒေသပေါက်စျေးရဲ့ ၅၀ ရာခိုင်နှုန်း ဒါမှမဟုတ်ရင် အဲ့ဒီတန်ဖိုးထက်မနည်းတဲ့ဒဏ်ကြေးကို သက်ဆိုင်ရာအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်နဲ့ သတ်မှတ်ကောက်ခံသွားကြရမှာဖြစ်ပါတယ်။ သတ်မှတ်ဒဏ်ကြေး ပေးသွင်းလို့ရှိရင်တော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သတ်မှတ်ဒဏ်ကြေးပေးသွင်းခြင်းမပြုရင်တော့

သိမ်းဆည်းပြီးတော့ အန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်တဲ့အခြေအနေရှိရင်တော့ အိတ်ဖွင့်လေလံစနစ်နဲ့ ရောင်းချသွားမှာဖြစ်ပါတယ်။

ဖော်ပြပါ မော်တော်ဆိုင်ကယ်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အတွင်းသာ နယ်မြေကန့်သတ်ချက်နဲ့ မှတ်ပုံတင်ခွင့် ပြုမှာဖြစ်ပါတယ်။ ဒေသအလိုက် သီးခြားမော်တော်ဆိုင်ကယ်နံပါတ်တွေကိုလည်း သတ်မှတ်ပေးမှာဖြစ်ပါတယ်။ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်တွေအပေါ် အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီးတော့ ပြည်သူအများသိရှိနိုင်ရေးအတွက် ၂၇-၈-၂၀၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းကြေညာထားပြီးဖြစ်ပါတယ်။ ကြေညာထားတဲ့အတိုင်း အရေးယူဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ဒုတိယဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်တွေကို ဒေသပေါက်စျေးရဲ့ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၎င်းတန်ဖိုးထက်မနည်းသော ဒဏ်ကြေးကို သက်ဆိုင်ရာအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ကောက်ခံမည်ဖြစ်ပါတယ်လို့ ကျွန်တော်တို့ သိရှိရ ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ဒီလိုသတ်မှတ်ကောက်ခံတယ်ဆိုတဲ့နေရာမှာ တင်ပြခဲ့သလိုပဲ စီးနင်းကြတဲ့ ပြည်သူအများစုဟာ အလုပ်သမား၊ လယ်သမားတွေ၊ မရှိနွမ်းပါးတဲ့လူတွေက များကြပါတယ်။ မနက်ဆိုလို့ရှိရင် နိစ္စဓူဝ အလုပ်ကိစ္စဝမ်းရေးရှာဖွေဖို့အတွက် သူတို့က အလုပ်သမားတွေ၊ ဝန်ထမ်းတွေ၊ နောက် ဆရာဆရာမအစ ကျောင်းသူကျောင်းသားတွေ၊ ဆိုင်ကယ်နဲ့ကို နောက်ကနေပြီးတော့ ဟင်းသီးဟင်းရွက်နဲ့မုန့်မျိုးစုံကိုတင်ပြီးတော့ နင့်နေအောင်တင်ပြီးတော့ စျေးရောင်းကြတဲ့ ပုဂ္ဂိုလ်များ၊ နောက်ကျေးရွာများမှ တစ်ရွာနဲ့ တစ်ရွာ မြို့ပေါ်အတွက်ကို မိမိတို့ထွက်တဲ့ ခြံထွက်သီးနှံတွေ စပါးတွေ၊ ဆန်တွေ၊ ပဲတွေ ဒါတွေကို နေ့စဉ်နဲ့အမျှ ကျွန်တော်တို့ သယ်ယူပို့ဆောင်ရောင်းချနေရတဲ့ နွမ်းပါးတဲ့ပြည်သူတွေလည်းရှိကြပါတယ်။ အဲ့ဒီတော့ သူတို့အတွက်ဆိုလို့ရှိရင် ကျွန်တော်တို့ မရှိမဲ့၊ ရှိမဲ့နဲ့ ဝယ်ခြမ်းထားတာမှာ ဒါကို ကျွန်တော်တို့ ထက်ဝက်အနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ စီမံခန့်ခွဲမှုနဲ့ ဒဏ်ဆောင်ရမယ်ဆိုလို့ရှိရင် သူတို့မှာ ငွေရေးကြေးရေးအခက်အခဲတွေကထပ်ပြီးတော့ ပြဿနာတက်လာနိုင်ပါတယ်။ ဒါ့အပြင် ဒီလိုသတ်မှတ်တဲ့နေရာမှာလည်းပဲ

ဆိုင်ကယ်ဟာ ဒါအသစ်ပဲ၊ အဟောင်းပဲ နောက်တစ်ခါ ကျွန်တော်တို့ ဒါကိုသတ်မှတ်တဲ့အကောင် အထည်ဖော်မယ့်စစ်ဆေးသူတွေရဲ့ ဒါရိုးသားစွာပြောတာ။ သူတို့ရဲ့ ရိုးသားမှု၊ သူတို့ရဲ့ဆုံးဖြတ်မှု ဒီတွေပေါ်မှာမူတည်ပြီးတော့ ကျွန်တော် တို့ ပြဿနာတွေများစွာ ဖြစ်လာနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ဒီလိုထင်မြင်ယူဆထားပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးခွန်းဖြစ်တဲ့ ဖမ်းပြီးတဲ့အခါမှာ လိုင်စင်ပြုလုပ်ခိုင်း၍ လိုင်စင်ပြုလုပ်ပြီးပါက ပြန်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ပြည်သူများကိုယ်စား ထပ်လောင်းဆက်စပ်မေးခွန်းအဖြစ် မေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဖြေနိုင်ရင် ဖြေပေးပါ။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် စောစောက မူလအဖြေမှာတင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ စီမံချက်နဲ့ နောက်ဆုံးအကြိမ် လုပ်တဲ့မှတ်ပုံတင်ပေးခြင်း ထုတ်ပြန်စဉ်ကတည်းကိုက ဒီအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်တဲ့အကြောင်း ဒီအကြိမ်ပြီးလို့ရှိရင်တော့ အရေးယူဆောင်ရွက်သွားမှာဖြစ်တဲ့ အကြောင်း ဖော်ပြကြေညာထားရှိပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီ ကိုးကြိမ်မြောက် OSS စီမံချက်ပြီးတဲ့ နောက်မှာ ကျန်ရှိတဲ့မော်တော်ဆိုင်ကယ်တွေကို တကယ်ဆိုရင်တော့ တည်ဆဲဥပဒေများအရ သိမ်းဆည်းအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်တော့ လိုင်စင် မဲ့ဆိုင်ကယ်ပိုင်ရှင်ဟာ ၁၀၀ ရာခိုင်နှုန်း ဆုံးရှုံးသွားမယ့်အခြေအနေရှိပါတယ်။ အဲ့ဒီအနေအထားကနေ ပြီးတော့ ကျွန်တော်တို့ အခု ဒဏ်ကြေး ၅၀ ရာခိုင်နှုန်း သတ်မှတ်ကောက်ခံတယ်ဆိုတာတော့ သင့်လျော် တဲ့ဖြေလျှော့မှုပေးထားတယ်လို့ပဲ ကျွန်တော်တို့ သုံးသပ်ပြီးတဲ့အတွက်ကြောင့် အဲ့ဒီ ကျွန်တော်တို့ရဲ့ သုံးသပ်ဆုံးဖြတ်ချက်တွေအပေါ်မှာ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူ ဆောင်ရွက်ထားခြင်းဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဒဏ်ကြေး အခု လျာထားသတ်မှတ်ထားတာကိုတော့ လျှော့ချရန် အစီ အစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း အခုနတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီး စိတ်ပူတဲ့ကိစ္စတစ်ခုရှိပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့ ဒဏ်ကြေးသတ်မှတ်တဲ့ မော်တော် ဆိုင်ကယ်ရဲ့ တန်ဖိုးသတ်မှတ်ခြင်းနဲ့ပတ်သက်ပြီးတော့ အဟောင်းနဲ့အသစ် ထုတ်တဲ့နိုင်ငံ၊ ထုတ်တဲ့ခုနှစ် စသည့် အဲ့ဒီအနေအထားတွေ အားလုံးအပေါ်မှာ ဒေသပေါက်ဈေးသတ်မှတ်ရာမှာတော့ မျှတမှု ရှိအောင် သတ်မှတ်သွားအောင်အတွက် ကျွန်တော်တို့ ထိန်းသိမ်းပြီးတော့ ဆက်လက်ဆောင်ရွက် သွားပါမယ်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**လင်းခေးမြို့နယ်တွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဗာဂျီးနီးယားဆေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သော ဆေးပေါင်းစခန်းနေရာများကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လွှဲအပ်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းလှကျော်(လင်းခေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် လူကြီးမင်းလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းနဲ့ ဆက်စပ်တဲ့အကြောင်းအရာကို ဦးစွာတင်ပြသွားမှာ ဖြစ်ပါတယ်။ ယခင်နှစ်ပေါင်းများစွာက လင်းခေးမြို့နယ်မှာ ဗာဂျီးနီးယားစိုက်ပျိုးရေးဖြစ်ထွန်းခဲ့ပြီး မြို့ပေါ်ရပ်ကွက်အသီးသီးမှာ ဆေးပေါင်းရုံများ တည်ဆောက်ခဲ့ပြီး မြို့နယ်ရဲ့စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရမှလည်း ဆေးပေါင်းစခန်းများတည်ဆောက်ဆောင်ရွက်ခဲ့ရာ ယခင်အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဗာဂျီးနီးယားလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့ ဆေးပေါင်းစခန်းများ၊ မြေကွက်လပ်များ၊ မြို့ပေါ်ရပ်ကွက်အသီးသီးမှာ တည်ရှိခဲ့ပါတယ်။ စာရင်းအရ ရပ်ကွက်အသီးသီးမှာ ဆေးပေါင်းစခန်း ၁၂ ခုနဲ့ မြေကွက်လပ် နှစ်ကွက်အသီးသီးတည်ရှိပြီးတော့ စုစုပေါင်းခန့်မှန်းဧက ၁၅ ဧကမှ ၂၀ ဧကအတွင်း တည်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ဗာဂျီးနီးယားဆေးလုပ်ငန်းနှင့်ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ ၂၀၀၄ ခုနှစ်ကတည်းကစပြီး ဆေးဝယ်ယူခြင်း၊ ဆေးပေါင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို မတွေ့ရှိရတော့ပါ။ လုပ်ငန်းဆောင်ရွက်မှု ရပ်ဆိုင်းသွားပြီး လုပ်သားဝန်ထမ်းများလည်းမရှိတော့ဘဲ အဆောက်အဦသာကျန်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ မြို့ပေါ်ရပ်ကွက်အသီးသီးတွင်ရှိတဲ့ ဆေးပေါင်းစခန်း ဆက်စပ်မြေကွက်များမှာ ၁၀ စုနှစ်တစ်ခုတိုင် ပြုပြင်ထိန်းသိမ်းခြင်းမရှိတော့ဘဲ ယိုယွင်းပျက်စီးနေပါတယ်။

အထူးသဖြင့် အဆောက်အဦနှင့် ခြံဝန်းအတွင်း ခြုံနွယ်ပိတ်ပေါင်းများကို တာဝန်ယူရှင်းလင်းဆောင်ရွက်မှုမရှိတဲ့အတွက် နွေရာသီမှာ နှစ်စဉ်လိုလို မီးဘေးအန္တရာယ်အတွက် စိုးရိမ်နေရပါတယ်။ အညာမြေဒေသကဲ့သို့ ရာသီဥတုအပူချိန်ပြင်းထန်တဲ့ လင်းခေးမြို့နယ်မှာ ပြုပြင်ထိန်းသိမ်းမှု၊ သန့်ရှင်း

ဆောင်ရွက်မှုမရှိတဲ့ အဆောက်အဦများရှိနေခြင်းဟာ မီးဘေးအန္တရာယ်အတွက် စိုးရိမ်ရသကဲ့သို့ မြို့အင်္ဂါရပ်လှပတင့်တယ်မှုကိုလည်းပဲ အဟန့်အတားဖြစ်နေကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထု ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အသုံးပြုခြင်းမရှိတော့တဲ့ ယိုယွင်းပျက်စီးနေတဲ့ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ ဆေးပေါင်းစခန်းများနဲ့ ဆက်စပ်မြေကွက်များအား ခရိုင်/မြို့အဆင့်အင်္ဂါရပ်နှင့်အညီ မြို့တွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးများသို့ လွှဲအပ်စွန့်လွှတ်ပေးနိုင်မည့် အခြေအနေရှိ/မရှိကိုသိလိုပါကြောင်း မြို့လူထုများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊စက်မှုဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝပါစေ။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိန်းအောင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လင်းခေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှကျော်ရဲ့ လင်းခေးမြို့နယ် စက်မှုဝန်ကြီး ဌာနအောက်မှာရှိတဲ့ ဗာဂျီးနီးယားဆေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သော ဆေးပေါင်းစခန်း များကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများသို့ လွှဲအပ် ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၁၉၅၃-၁၉၅၄ ခုနှစ် ပြည်တော်သာစီမံကိန်းမှာ ဗာဂျီးနီးယား ဆေးစိုက်ပျိုးထုတ်လုပ်ရေးအတွက် စီမံကိန်းရေးဆွဲ တင်ပြရန် နိုင်ငံတော်အစိုးရမှ ဖိတ်ခေါ်ခဲ့သဖြင့် လင်းခေးဦးထွန်းမြင့်ကနေပြီးတော့ ငါးနှစ်စီမံကိန်း ရေးဆွဲတင်ပြတဲ့အခါမှာ အစိုးရကနေပြီးတော့ ဦးထွန်းမြင့်အား အမှုဆောင် အရာရှိချုပ်အဖြစ် ခန့်အပ် ပြီးတော့ ဗားဂျီးနီးယားဆေးလုပ်ငန်းကို မြေကျေးရှင်းလက်အောက်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သောကြောင့် ဗားဂျီးနီးယားဆေးစီမံကိန်း စတင်ပေါ်ပေါက်ခဲ့ပါတယ်။ ၁၉၆၃ ခုနှစ်မှာ နိုင်ငံတော်မှ စီးကရက်စက်ရုံများကို ပြည်သူပိုင်သိမ်းခဲ့တဲ့အခါမှာ အမရပူရမြို့ လူထုစီးကရက်ကုမ္ပဏီ ပိုင် ဆေးပြန်လည်အခြောက်ခံတဲ့ စက်ရုံနှင့်ဗိုးကုမ္ပဏီပိုင်ဆေးပေါင်းရုံ ၂၈ ရုံမှာ ဗာဂျီးနီးယားဆေး စီမံကိန်းလက်အောက်သို့ ရောက်ရှိခဲ့ပါတယ်။ ဒီစီမံကိန်းဌာနက ဌာနပိုင်ပေါင်းရုံများနှင့် အခြား

အဆောက်အဦများတည်ဆောက်ခြင်း၊ ဆေးရွက်စိမ်းများကို တောင်သူတွေထံမှ တိုက်ရိုက်ဝယ်ယူ၍ ဌာနပိုင်ဆေးပေါင်းရုံများတွင် ပေါင်းတင်ထုတ်လုပ်ခြင်းနှင့် ဝယ်ယူပြီးဆေးရွက်စိမ်းများကို ပုဂ္ဂလိက ပေါင်းရုံများသို့ အပ်နှံပေါင်းတင်ခပေးခြင်း၊ ပေါင်းတင်ထုတ်လုပ်စေခြင်း နည်းလမ်းနှစ်သွယ်ဖြင့် ပေါင်းဆေးများကို ထုတ်လုပ်ခဲ့ပါတယ်။ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဗာဂျီးနီးယားဆေး လုပ်ငန်းလက်အောက်မှာရှိတဲ့ ဗာဂျီးနီးယားဆေးစိုက်ကွင်းများကို ကုန်ထုတ်စု၊ ဆေးပေါင်းရုံများမှာ ဗာဂျီးနီးယားဆေးလုပ်ငန်းအမည်ပေါက် မြေစာရင်းလည်း (၁၀၅/၁၀၆) ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ပြုလုပ်တဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရဲ့ (၁/၂၀၀၉) ကြိမ် မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း လက်အောက်မှာရှိတဲ့ ဗာဂျီးနီးယားဆေးပေါင်းစခန်းများကို လွှဲပြောင်းရောင်းချပြီးတော့ ခွင့်ပြုခဲ့တဲ့အတွက်ကြောင့် ဗာဂျီး နီးယားဆေးပေါင်းထုတ်လုပ်တဲ့ မန္တလေးကုန်ထုတ်ဌာနခွဲ၊ ၎င်းလက်အောက်မှာရှိတဲ့ ဆေးပေါင်းစခန်း များနှင့် အခြောက်ခံစက်များအားလုံးဟာ မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်သို့ ၂၇-၁-၂၀၁၁ ရက် နေ့မှာ အပြီးအပိုင်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဗာဂျီးနီးယားဆေးပေါင်းစခန်းအား မြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်သို့ လွှဲပြောင်းခဲ့ပြီးဖြစ်ပါသဖြင့် စက်မှုဝန်ကြီးဌာနလက်အောက်တွင် မရှိတော့ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရွှေတောင်မြို့ချည်မျှင်နှင့် အထည်စက်ရုံမှ ပိုလျှံသိမ်းဆည်းမြေများကို ထပ်မံစွန့်လွှတ်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြ သော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဤခန်းမ အတွင်း ရောက်ရှိနေသူအပေါင်းကို မင်္ဂလာပါလို့ ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်။ ကျွန်မမေးလိုသော မေးခွန်းကတော့ ရွှေတောင်မြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ ချည်မျှင်နှင့် အထည်စက်ရုံမှာ ပိုလျှံ သိမ်းဆည်းလယ်မြေများအနက် စွန့်လွှတ်မြေ ၄၀.၅ ဧက၊ အမှန်တကယ်ရမြေ ၃၆.၁၅ ဧကကိုသာရ

ရှိ၍ စားဝတ်နေရေးပြည့်စုံစွာ စိုက်ပျိုးနိုင်သော ပိုလျှံသိမ်းဆည်းမြေများကို ထပ်မံစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းခြင်းဖြစ်ပါတယ်။

(၁) ၁၉၇၄ ခုနှစ်ခန့်က ရွှေတောင်မြို့နယ် နွားမယံအုပ်စု၊ ဆည်ကြီးကုန်းအုပ်စု၊ သရက်တောရပ်ကွက်တို့ရှိ လယ်မြေဧကများကို စက်ရုံတည်ဆောက်ရန်ဟု (က) ၁၁-၈-၁၉၈၉ တွင် ၆၈၄.၅၈ ဧက၊ (ခ) ၃၀-၃-၁၉၉၀ ပြည့်နှစ်တွင် ၇.၃၆ ဧက၊ (ဂ) ၁-၆-၁၉၉၀ တွင် ၈.၇၃ ဧက စုစုပေါင်း ဧကပေါင်း ၇၀၀.၆၇ ဧကကို သိမ်းယူခဲ့ပါတယ်။ (၂) ထိုသိမ်းဆည်းခံရပြီး စက်ရုံဆောက်လုပ်ရာ၌ အသုံးမပြုသော ပိုလျှံလယ်မြေဧကများကို ၁၉၇၃-၁၉၇၄ မှ ၁၉၈၉-၁၉၉၀ ခုနှစ်အထိ ပြည်သူ့ကောင်စီ၊ လယ်သမားကောင်စီတို့၏ စီမံချက်နှင့် မူလလုပ်ကိုင်ခဲ့သော လယ်သမားတို့အား လယ်အမတော်ချေးငွေပေး၍ လုပ်ကိုင်ခွင့်ပေးခဲ့ပါသည်။ ၁၉၈၉-၁၉၉၀ ခုနှစ် စက်ရုံတည်ဆောက်ခွင့် (လန-၃၉) ကျလာသောအခါ စက်ရုံဝန်ထမ်းသက်သာအတွက်ဆိုပြီး လယ်သမားတို့အား အငှားသီးစားခ တစ်ဧက စပါးသုံးတင်း၊ ထိုမှ ငါးတင်း၊ ထိုမှ ခုနစ်တင်း အမျိုးမျိုးတိုးမြှင့်ကောက်ခံခဲ့ပါသည်။ (၃) ၂၀၀၄ ခုနှစ် ဝါခေါင်လ၌ တစ်ကြိမ်၊ သီတင်းကျွတ်လဆန်း၌ တစ်ကြိမ်၊ မြစ်ရေကြီးမှုဒဏ်ကို နှစ်ကြိမ်ခံလိုက်ရသဖြင့် လူစားရန် စပါး၊ နွားစားရန်မြက်လုံးဝမရဘဲ ဒုက္ခကြီးစွာငတ်နေကြရသည့် အဖြစ်ကို အထက်အာဏာပိုင်များသို့ တင်ပြခဲ့ပါသည်။ အထက်အာဏာပိုင်များ ကွင်းဆင်းစစ်ဆေးပြီး အခြေအနေမှန်ကိုသိရှိသွားသဖြင့် လယ်အမတော်ကြေးများကို ဖြေလျှော့ပယ်ဖျက်ပေးခဲ့ပါသည်။ သို့သော် ရွှေတောင်ချည်မျှင်စက်ရုံ အာဏာပိုင်တို့က သီးစားခအတွက် စပါးမသွင်းနိုင်ပါက တန်ဖိုးတူငွေကြေးသွင်းရမည်ဟုလည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် တစ်ဧကလျှင် ၁၀ တင်းပေးရမည်ဟုလည်းကောင်း အမိန့်ထုတ်ပါသည်။ ရွှေတောင်(မယက) ဥက္ကဋ္ဌက တစ်ဧကကို တစ်ရာသီ စပါးခြောက်တင်းနှင့် ညှိနှိုင်းပေးသော်လည်း ချည်မျှင်စက်ရုံဘက်မှ နွေ၊ မိုး နှစ်ရာသီအတွက် တစ်ဧက စပါးတင်း ၂၀ မပေးနိုင်က လယ်လုပ်ခွင့်အပြီးပိတ်သိမ်းသည်ဟု ပိတ်လိုက်ပါသည်။

(၄) ထိုကဲ့သို့ လယ်သမားတို့အား လုပ်ကိုင်စိုက်ပျိုးခွင့်ပိတ်ပြီးနောက် စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ချည်မျှင်ဝန်ထမ်းများ၊ ထိုစစ်မှုထမ်းဟောင်းအဖွဲ့နှင့် ချည်မျှင်ဝန်ထမ်းများဆိုသည်မှာလည်း လယ်သမားလည်းမဟုတ်ဘဲ လယ်လုပ်ကိရိယာ ထွန်၊ ထယ်၊ နွားလှည်း၊ ပေါက်ပြား၊ ဓားမျှမရှိသူများကို ရုပ်ပြလယ်သမားများအဖြစ် ပွဲစားလုပ်၍ ရှာပေးသူများကိုဆိုလိုပါတယ်။ အဲ့တော့ ဒီလိုလူမျိုးတွေကိုပဲ လယ်လုပ်ခွင့်ပြုလိုက်တဲ့အတွက်ကြောင့် လယ်လုပ်ခွင့်ဆုံးရှုံးရသော မူလသိမ်းဆည်းခံလယ်

သမားများမှာ တောတက်ထင်းခွေ၊ အင်ဖက်ခူး၊ မျှစ်ချိုး၊ ဟင်းရွက်ရှာ၊ မုန့်လေပွေလုပ်ရောင်းနှင့် မဝရေစာဖြစ်နေကြသူများ၊ အသက်အရွယ်ကလည်းကြီး၊ အာဟာရကလည်း မပြည့်စုံသဖြင့် ပစ်စလက်ခတ်သေသွားရသူများလည်းရှိပါသည်။ (၅) နိုင်ငံတော်အတွက် အကျိုးပြုခဲ့သော နှစ်သီးစားပထမတန်းစား လယ်များမှာ ယခုအခါ ဖုန်းဆိုးထ၍ ပျက်စီးနေသော လယ်ရိုင်းဘဝသို့ရောက်နေရပါသည်။ နိုင်ငံတော်သမ္မတက အစိုးရဝန်ကြီးဌာနအားလုံးသို့ ပိုမိုသိမ်းယူခဲ့သော ပိုလျှံမြေများကို မူလပိုင်ရှင်တောင်သူလယ်သမားတို့ထံ ၂၀၁၄ ခုနှစ်၌ စိုက်ပျိုးရာသီအမီ ပြန်လည်လွှဲအပ်ရန် ညွှန်ကြားသည်ကို ကြားသိရသဖြင့် သိမ်းဆည်းခံလယ်သမားများမှာ အထူးမျှော်လင့်အားခဲထားပါသော်လည်း (က) ပိုလျှံမြေနွားမယံစံပြကျေးရွာအုပ်စု၊ ဆည်ကြီးကုန်းအုပ်စု၊ သရက်တောရပ်ကွက်ဟူသော သုံးနေရာအနက် နွားမယံစံပြကျေးရွာအုပ်စုကိုသာ ပြန်ပေးပါသဖြင့် ကျန်ဆည်ကြီး ကုန်းအုပ်စုနှင့် သရက်တောရပ်ကွက်တို့မှ သိမ်းယူ၍ပိုလျှံနေသော လယ်မြေများကို ပြန်ပေးပါဦးမည်လား။ ပေးမည်ဆိုလျှင် မည်သည့်အချိန်၌ပေးပါမည်နည်း။ (ခ) နွားမယံစံပြကျေးရွာအုပ်စုသို့ ၄၀.၅ ဧကပြန်ပေးပြီးဆိုပြီး အမှန်တကယ်လက်ရောက်မှာ ၃၆.၁၅ ဧကသာဖြစ်နေသဖြင့် ပိုလျှံသိမ်းဆည်းမြေများကို ထပ်မံပေးပါဦးမည်လား။ ပေးမည်ဆိုလျှင် မည်သည့်အချိန်၌ပေးပါမည်နည်း။ (ဂ) ရွှေတောင်ချည်မျှင်နှင့် အထည်စက်ရုံကို နည်းလမ်းသုံးသွယ်ဖြင့် အကောင်အထည်ဖော်သည့်အခါ ထိုပိုလျှံသိမ်းဆည်းမြေများလည်း ထိုအကောင်အထည်ဖော်လုပ်ငန်းနှင့်အတူပါသွားပြီး လယ်သမားများ၏မျှော်လင့်ချက် ကုန်ဆုံးရပါတော့မည်လား။ (ဃ) စက်ရုံစီမံကိန်းအတွက် လယ်မြေဧက ၇၀၀ ခန့်သိမ်းခဲ့ပြီး ယခုအချိန်ထိ စက်ရုံဝန်ထမ်းအိမ်ရာ အဆောက်အဦများအပါအဝင် ဧက ၄၀၀ ခန့်သာ အသုံးပြုထားပြီး ပိုလျှံသိမ်းဆည်းမြေဧက (၂၅၀/၃၀၀)ခန့် ကျန်ရှိသည်တို့ကို မည်သို့စီမံဆောင်ရွက်အသုံးပြုပါမည်နည်း။

မြန်မာပြည်အလယ်က ဂျပန်ကျွန်းကလေးဟု ရွှေတောင်မြို့သား စာရေးဆရာကြီး တင့်တယ်ရေးခဲ့သလို အင်မတန်ဝပြောသာယာခဲ့သော ရွှေတောင်မြို့၏ အခြေခံလူတန်းစား လယ်သမားများ၏ ဆင်းရဲမှုလျှော့ပါးပပျောက်ရေးအတွက် ဤမေးခွန်းများကို မေးမြန်းရခြင်းဖြစ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်ဝပါစေ။ ယခု ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ရဲ့ ရွှေတောင်မြို့ ချည်မျှင်နှင့်အထည်စက်ရုံမှ ပိုလျှံသိမ်းဆည်းထားသောမြေ ထပ်မံစွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)ဟာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင် အမှတ်(၁၇၁)နှင့်(၁၇၂)ကြားမှာတည်ရှိပြီး စက်ရုံတည်ဆောက်ဖို့အတွက် ၁၉၇၄ ခုနှစ်ကစပြီးတော့ မြေ ၇၀၁.၂၇ ဧကကို သိမ်းဆည်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၃၁-၁၂/၁၉၉၃ ရက်စွဲပါစာ အမှတ်နှင့် စုစုပေါင်းဧက ၇၀၁.၂၇ ဧကကို မြေအမည်ပေါက်လည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ စက်ရုံက သိမ်းဆည်းခဲ့တဲ့မြေ ၇၀၁.၂၇ ဧကအနက်မှာ စက်ရုံအဆောက်အဦတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ အခြား လိုအပ်သောအဆောက်အအုံများ ဆောက်လုပ်ခဲ့တဲ့မြေဟာ ၅၇၂.၂၃ ဧကရှိပြီးတော့ ကျန် ၁၂၉.၀၄ ဧကကတော့ သရက်တောရပ်ကွက်မှာ လယ်မြေ ၁၁.၅ ဧက၊ ဆည်ကြီးကုန်းရပ်ကွက်အုပ်စုမှာ လယ်မြေဧက ၂၇ ဧက၊ နွားမယံကျေးရွာအုပ်စုမှာ လယ်မြေဧက ၄၀.၅ ဧက၊ ဝန်ထမ်းရပ်ကွက် အတွင်းမှ ဝန်ထမ်းအိမ်ရာမျက်နှာစာများတွင် စုစုပေါင်း ၅၀.၄ ဧကတို့ ပါဝင်ပါတယ်။

သရက်တောရပ်ကွက်မှာရှိတဲ့ လယ်မြေ ၁၁.၅ ဧကဟာ စက်ရုံရဲ့ဧည့်ရိပ်သာကနေပြီးတော့ စွန့်ပစ်ထားရေတွေ သဘာဝရေမြောင်းများနှင့်ချိတ်ဆက်ပြီးတော့ တစ်ဆင့်ခံဧရိယာဖြစ်ပြီးတော့ လုံခြုံ ရေးနှင့်မီးဘေးကာကွယ်ရေးအရလည်းကောင်း၊ လုံခြုံရေးအရလည်းကောင်း၊ စက်ရုံအားကစားကွင်း အဖြစ် အသုံးပြုထားခြင်းကြောင့်လည်းကောင်း၊ စက်ရုံနှင့် ဝန်ထမ်းအိမ်ရာတို့နှင့်ဆက်စပ်တဲ့ မြေ နေရာဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေဆိုးများစွန့်ပစ်တဲ့နေရာမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် ရေဆိုးစွန့်ပစ်ကန်များမှတစ်ဆင့် ရေဆိုးများအား အနည်ထိုင်စေရန်လိုအပ်ခြင်း၊ မိုးတွင်းကာလမှာ မိုးများပါက စွန့်ပစ်ရေဆိုးများ ရေတက်ရောက်လျက်ရှိတဲ့အတွက်ကြောင့် စက်ရုံ ထွက်ရေဆိုးများကို အန္တရာယ်မရှိသောရေများအဖြစ်သို့ ရောက်ရှိအောင် ဆောင်ရွက်တဲ့အတွက် ကြောင့် Waste Water Oxidation ဆောင်ရွက်ရန် စက်ရုံရဲ့လိုအပ်သောမြေနေရာအတွက် အသုံး ပြုထားခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**မူကြမ်း**

ထိုနည်းလည်းကောင်းပဲ ဆည်ကြီးကုန်းကျေးရွာအုပ်စုမှ လယ်မြေဧက ၂၇ ဧက ကပ်လျက်ရှိတဲ့ချောင်း၊ မြေလွတ်နေရာများမှာ ရေသန့်အဖြစ်သို့ မရောက်သေးတဲ့ ရေဆိုးများ၊ ဗေဒါကန်များနှင့် သဘာဝရေမြောင်းများမှ အဆင့်ဆင့်သန့်စင်ပြီးတော့ ဧရာဝတီမြစ်အတွင်းကို စီးဆင်းစေရန်အတွက် တစ်ဆင့်ခံဧရိယာအဖြစ် အသုံးပြုသောမြေ ဖြစ်ပါတယ်။ နွားမယံကျေးရွာအုပ်စုမှာရှိတဲ့ လယ် ၄၅.၈၉ ဧက(လမ်းမြေအပါအဝင်)ဟာ အထည်အလိပ်လုပ်ငန်းနည်းပညာဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်ရန် လျာထားထားသော မြေဖြစ်ပါတယ်။ သို့သော်လည်း ရွှေတောင်ကနေပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့်ရဲ့တင်ပြတောင်းခံချက်အရ ကျွန်တော်တို့ အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီးတဲ့အခါမှာ (ရွှေတောင်)ချည်မျှင်နှင့်အထည်စက်ရုံမှာရှိတဲ့ မြေဧရိယာလွတ် ၄၀.၅ ဧကကို ၁၅-၆-၂၀၁၄ ရက်နေ့မှာ နိုင်ငံတော်ကိုပြန်အပ်ပြီးတော့ နိုင်ငံတော်ကနေပြီးတော့ ပဲခူးတိုင်း၊ ပဲခူးတိုင်းကနေပြီးတော့တစ်ဆင့် ပြန်အပ်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ပိုလျှံနေတဲ့မြေ ၄၀.၅ ဧက လွှဲပြောင်းပြီးတဲ့အခါမှာလည်း ဒီမြေဟာ နဂိုကတည်းကိုက စက်ရုံမှာ ကွင်းဆင်းစစ်ဆေးပြီးတော့ တကယ်လိုအပ်တဲ့မြေတွေကိုသာ ကျွန်တော်တို့ လွှဲပြောင်းခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ၄၀.၅ ဧကနဲ့ဆက်စပ်ပြီးတော့ စက်ရုံနှင့်ကပ်လျက်မြေ ကျွန်တော်တို့ ကပ်လျက်ချန်ထားတာလေး တစ်ခုရှိပါတယ်။ ဒါလည်း ကျွန်တော်တို့ စက်ရုံအတွက် အင်မတန်အန္တရာယ်များတဲ့အတွက်ကြောင့် ကျွန်တော်တို့ လွှဲပြောင်းခြင်းမရှိဘဲနဲ့ စက်ရုံအနေနဲ့ ထိန်းသိမ်းထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ဒေါက်တာဒေါ်အေးမြင့်ရဲ့တင်ပြချက်အရ ထပ်မံပြီးတော့ ၄၀.၅ ဧကကို ကျွန်တော်တို့ နိုင်ငံတော်သို့လည်း ပြန်လည်အပ်နှံပြီးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း ပြန်လည်အပ်နှံပြီး ပြည်သူများကိုလည်း ပြန်လည်ပြီးတော့ လွှဲပြောင်းပြီးတော့ ပေးပြီးဖြစ်တဲ့အတွက်ကြောင့် နောက်ထပ် အမှတ်(၁) အထည်စက်ရုံ(ရွှေတောင်)အနေနဲ့ ကျန်မြေများကို ထပ်မံစွန့်လွှတ်ပေးရန် အခြေအနေမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**စစ်ကိုင်းမြို့နယ်ရှိ စီမံကိန်းအတွက် အသုံးပြုခဲ့သော ဧက ၃၀၀ ခန့်အတွက် နစ်နာခဲ့သော တောင်သူများအား နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းမဲဆန္ဒနယ် ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းမယ့်မေးခွန်းကတော့ ဒီမေးခွန်းမပေါ်ပေါက်မီမှာ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှု ပြည်သူများမနစ်နာ စေရေးစုံစမ်းရေးကော်မရှင်နဲ့တကွ ရေးရာကော်မတီတွေကို တင်ပြပြီးသားဖြစ်ပါတယ်။ သို့သော်လည်းပဲ ထူးခြားမှု၊ တုန့်ပြန်မှုတစ်စုံတစ်ရာ မရှိခဲ့တဲ့အတွက် ဒီမေးခွန်းမေးမြန်းရခြင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်အတွင်းရှိ မြင်းမွေး၊ ညောင်ပင်ဇဉ်အပါအဝင် ပဲကတိုးကျေးရွာအုပ်စု၊ တစ်အိမ်တည်းအုပ်စု ကျေးရွာပေါင်း ခုနစ်ရွာမှ တောင်သူ ၃၀၀ ကျော်ရဲ့ မြေဧက ၁၀၉၁.၄၈ ဧက သိမ်းဆည်းထားမှုအား လုပ်စားခွင့်ပြန်လည်ရရှိလိုကြောင်း တင်ပြလာကြပါတယ်။ ၁၉၉၆-၁၉၉၇ ခုနှစ်မှာ စတင်သိမ်းယူခဲ့ပြီး လျော်ကြေးနစ်နာကြေးပေးခြင်း၊ မြေအစားပေးခြင်းများလုံးဝမရှိခဲ့ပါကြောင်း၊ စက်ရုံကိုးရုံတည်ဆောက်ရန် သိမ်းဆည်းသည်ဆိုသော်လည်းပဲ အမှန်တကယ်နှစ်ရုံသာတည်ဆောက်နိုင်ခဲ့ကြောင်း စက်ရုံနှစ်ရုံနှင့်ဝန်ထမ်းအိမ်ရာများအပါအဝင် အသုံးပြုဧက ၃၀၀ ခန့်သာရှိပြီး အသုံးမပြုဘဲ သီးစားချထားတဲ့ဧကပေါင်းဟာ ၇၀၀ ကျော်ခန့်ရှိပါကြောင်း၊ အသုံးမပြုတဲ့ဧက ၇၀၀ ကျော်မှာ လက်ရှိလက်ငုတ်တောင်သူများမှ စက်ရုံတည်ဆောက်စဉ်မှစပြီး ယခုအချိန်အထိ စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါကြောင်း၊ ယခင်က မြေနှီးခပေးခဲ့ရသော်လည်းပဲ ယခု မြေနှီးခ မပေးရသည်မှာ ၂ နှစ်ရှိပြီဖြစ်ကြောင်း၊ ဝါမျိုးသန့်ခြံစီမံကိန်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရာ စီမံကိန်းအကောင်အထည်မပေါ်ဘဲ အရှုံးပေါ်ခဲ့ပါကြောင်း၊ ဝါစီမံကိန်းမှာ ဆက်လက်စိုက်ပျိုးနိုင်ခြင်းမရှိဘဲပလပ်မြေများဖြစ်နေပြီး နိုင်ငံတော်နှင့်တောင်သူများ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်နေပါကြောင်း၊ မြေသိမ်းခံရလို့ တောင်သူတွေဆင်းရဲဒုက္ခရောက်တာတော့ အားလုံးသိပြီးသားဖြစ်တဲ့အတွက် မတင်ပြတော့ပါဘူး။

အမှတ်(၁၆)ရဲတပ်ရင်းမှ သိမ်းဆည်းထားတဲ့မြေများမှာလည်းပဲ ၅၀ ဧကခန့်သာ အသုံးပြုပြီး ကျန်ဧက ၈၀ကျော်ကို ယခုအချိန်မှာ အနီးချစားနေကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အနီးခံလုပ်ကိုင်မည့်သူမရှိဘဲ ပလပ်မြေဖြစ်နေကြောင်း၊ ဂျုံစက်ရုံသည်လည်း စီမံကိန်းမအောင်မြင်သဖြင့် စက်ရုံအားရောင်းချခဲ့ရပြီး ဝန်ထမ်းများကိုလည်း လျော်ကြေးပေးပြီး တာဝန်မှရပ်စဲခဲ့ရပါကြောင်း၊ အထည်ချုပ်စက်ရုံအမှတ်(၆)မှာလည်း အရှုံးပေါ်သဖြင့် ဆက်လက်မရပ်တည်နိုင်တော့ဘဲ ဖျက်သိမ်းရတော့မယ့်အခြေအနေကိုဆိုက်ရောက်နေပြီဖြစ်ကြောင်း၊ ဖော်ပြပါ မြေဧက ၁၀၉၁.၄၈ ဧကသည် ယခင်လယ်ယာမြေဥပဒေအရ လန-၃၉ ကျပြီးဟုဆိုသော်လည်း လယ်ယာမြေဥပဒေအတိုင်းသာ ဆောင်ရွက်မည်ဆိုပါက စီမံကိန်းမအောင်မြင်လျှင် မူလတောင်သူကို ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်း၊ တောင်သူများမှာလည်း ထွန်ယက်စိုက်ပျိုးချိန်ရောက်ရှိနေပြီဖြစ်၍ သိမ်းဆည်းခံမြေများအား ပြန်လည်တရားဝင်လုပ်ကိုင်စားသောက်လိုပါကြောင်း ပြည်သူ့လွှတ်တော်ကို တင်ပြပေးပါလို့ တင်ပြလာကြပါတယ်။

စစ်ကိုင်းမြို့နယ်၊ ညောင်ပင်ဇဉ်ကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာခုနစ်ရွာမှ တောင်သူ ၃၀၀ ကျော်ရဲ့ ဘေးမဦးချလုပ်ကိုင်စားသောက်ခဲ့တဲ့မြေဧက ၁၀၉၁.၄၈ ဧကအားစက်မှုဝန်ကြီးဌာန(ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန)မှ ဂျုံစီမံကိန်းအတွက် ၄၁၄ ဧက၊ အထည်ချုပ်စက်ရုံမှ ၂၃၉ ဧက၊ ဝါစီမံကိန်းမှ ၃၀၆ ဧက၊ အမှတ်(၁၆)ရဲတပ်ရင်းမှ ၁၃၂ ဧက ခွဲဝေသိမ်းဆည်းခဲ့တဲ့အတွက် မေးခွန်း(၁)အဖြစ် စီမံကိန်းအတွက် အသုံးပြုခဲ့သောဧက ၃၀၀ အတွက် နစ်နာခဲ့တဲ့တောင်သူများအား ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးရန်အစီအစဉ်ရှိ/မရှိ၊ မေးခွန်း(၂)ကတော့ စီမံကိန်းအဆောက်အဦအဖြစ်အသုံးပြုခြင်းမရှိတဲ့ ကျန်ဧက ၇၀၀ ကျော်ကို မူလလက်ငုတ်လက်ရင်းတောင်သူများထံသို့ ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်ရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့်ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်သိန်းရဲ့ စစ်ကိုင်းမြို့နယ်စီမံကိန်းအတွက် အသုံးပြုခဲ့သော ဧက ၃၀၀ ခန့် အတွက် နစ်နာခဲ့သောတောင်သူများအား နစ်နာကြေးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာအုပ်စုမှ မြေဧရိယာ ၁၂၇.၈၇ ဧက၊ ပဲကတိုးကျေးရွာအုပ်စုက မြေဧရိယာ ၇၄၈.၅၇ ဧက၊ ညောင်ဇင်ကျေးရွာအုပ်စုက မြေဧရိယာ ၁၇၄.၉၈ ဧက၊ ကျောက်ဆည်ကျေးရွာအုပ်စုကနေပြီးတော့ ဧရိယာ ၄၀.၀၆ ဧက စုစုပေါင်း ၁၀၉၁.၄၈ ဧကကို ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ၃၉ အရ စက်မှုဝန်ကြီးဌာန (ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာန) ကနေပြီးတော့ စက်မှုနယ်မြေအဖြစ် သုံးစွဲခွင့်ကို ၂၁-၇-၁၉၈၈ ရက်စွဲပါစာနံပါတ်ဖြင့် ခွင့်ပြုချက်ရရှိခဲ့ပါတယ်။

ဒီဧရိယာတွေဟာ အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) ဝါစိုက်ကွင်းအတွက် ၃၀၆.၃၁ ဧက၊ အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း)အတွက် ၂၃၉.၀၁ ဧက၊ အမှတ်(၁)ဂျုံလုပ်ငန်းစက်ရုံအတွက် ၄၁၄.၁၆ ဧကနှင့် အမှတ်(၁၆)လုံခြုံရေးတပ်ခွဲအတွက် ၁၃၂ ဧက ခွဲဝေခဲ့တဲ့အတွက်ကြောင့် စက်မှုဝန်ကြီးဌာနအနေနဲ့ စုစုပေါင်းမြေဧရိယာ ၉၅၉.၄၈ ဧကနှင့် ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ၁၃၂ ဧကကို အသုံးပြုလျက်ရှိပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့ အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) ဝါစိုက်ကွင်း မြေဧရိယာ ၄၇.၇၉ ဧက၊ အမှတ်(၃)အထည်စက်ရုံခွဲ(စစ်ကိုင်း) မြေဧရိယာ ၁၄၁.၅၅ ဧက၊ အမှတ်(၁)ဂျုံလုပ်ငန်းစက်ရုံဧရိယာ ၁၂၀.၃၇ ဧက စုစုပေါင်း ၃၀၉.၇၁ ဧကကိုတော့ ကျွန်တော်တို့ လက်ရှိအသုံးပြုလျက်ရှိပါတယ်။ အသုံးမပြုတဲ့မြေကတော့ ၆၄၉.၇၇ ဧကရှိပြီးတော့ ဒီမြေထဲကတော့ မြေဧရိယာ ၉၀ ဧကကို ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ လွှဲပြောင်းပေးဖို့အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိ အမှတ်(၁၆)လုံခြုံရေးရဲတပ်ဖွဲ့ပိုင်မြေဧရိယာ ၁၃၂ ဧက၊ အဲ့ဒီမှာကတော့ ရုံးအဆောက်အဦတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ စတိုတွေ၊ လုံခြုံရေးကင်းတဲတွေ အခိုင်အမာအဆောက်အဦ ၅၂ လုံး ဆောက်လုပ်ထားပြီးလည်းဖြစ်ပါတယ်။ ထပ်မံလိုအပ်တဲ့ ဝန်ထမ်းနေအိမ်တွေ၊ အထောက်အကူပြုအဆောက်အဦတွေ ဆောက်လုပ်ဖို့လည်း လျာထားစီမံခြင်းတို့ကြောင့် ၎င်းမြေဧရိယာကို တောင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန်နှင့် လျော်ကြေး၊ နစ်နာကြေးပေးရန် အစီအစဉ်မရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနကို ပြန်လည်ဖြေကြားလာပါတယ်။

**မူကြမ်း**

စက်မှုဝန်ကြီးဌာနအနေနဲ့တော့ လက်ရှိအသုံးပြုနေတဲ့ မြေဧရိယာ ၃၀၉.၇၁ ဧကမှာ စက်ရုံရဲ့ ဝန်ထမ်းအိမ်ရာတွေ အခိုင်အမာဆောက်လုပ်ပြီးဖြစ်ပါတယ်။ တောင်သူများကို ပြန်လည်လွှဲပြောင်း ပေးအပ်ရန်နှင့် လျော်ကြေးပေးရန်၊ နစ်နာကြေးပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနကို လွှဲပြောင်းပေးရန်လျာထားတဲ့ ၉၀ ဧကအပါအဝင် စက်မှုဝန်ကြီးဌာနအနေနဲ့ လက်ရှိ အသုံးမပြုတဲ့မြေဧရိယာ စုစုပေါင်း ၆၄၉.၇၇ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံရန် ဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ၆၄၉.၇၇ ဧက ထဲက ပြည်ထဲရေးကို ၉၀ ဧက ကျွန်တော်တို့ လွှဲပေးရမှာဖြစ်ပါတယ်။ အဲ့ဒီကျန်တဲ့မြေကတော့ နိုင်ငံတော်ပြန်အပ်ပြီးတော့ နိုင်ငံတော်ကနေပြီးတော့ တိုင်းကိုပြန်အပ်ပြီးတော့ တိုင်းကနေမှ သက်ဆိုင်ရာကိုလွှဲပြောင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ဝန်ကြီး ခုနကဖြေသွားတဲ့အထဲမှာ မေးခွန်း(၂)အနေနဲ့ ကျွန်တော့်အနေနဲ့က ဒီအသုံးပြုပြီးသားတွေကို မပြော လိုပါဘူး။ အဲဒီမှာ ဧက ၇၀၀ ကျော် ကိစ္စကို ကျွန်တော် မေးခွန်း(၂)အနေနဲ့ မေးထားပါတယ်။ အဲဒီမှာ ဝန်ကြီးဖြေကြားတဲ့ ၆၄၉.၇ ဧကဟာ ပြည်ထောင်စုဝန်ကြီးဌာနကို ပြန်လွှဲမယ်။ လွှဲပြီးတော့မှ တိုင်းဒေသကြီးကိုလွှဲမယ်။ ပြီးတော့မှ ဆက်ပြီးလွှဲမယ်ဆိုတာ ကျွန်တော်တို့အနေနဲ့ လယ်သမားတွေ ဆီကို ဟုတ်/မဟုတ် ကျွန်တော့်အနေနဲ့ သိလိုပါတယ်ခင်ဗျား။ အဲဒါလေး ကျွန်တော့်အနေနဲ့ လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဦးသိန်းအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဝန်ကြီးဌာန အနေနဲ့ကတော့ နိုင်ငံတော်ကိုပဲ ပြန်အပ်ဖို့ရှိပါတယ်။ နိုင်ငံတော်ကိုအပ်လိုက်တဲ့အခါမှာ နိုင်ငံတော် ကနေပြီးတော့ သက်ဆိုင်ရာ မြေယာစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဗဟိုလည်းရှိပါတယ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာလည်းရှိပါတယ်၊ ခရိုင်မှာလည်း ရှိပါတယ်။ မြို့နယ်မှာလည်းရှိပါတယ်။ အဆင့်ဆင့်လွှဲပြောင်းပြီးတော့ ဆောင်ရွက်သွားမှာဖြစ် ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**ခန္တီးမြို့နယ်ရှိ နန်ပုတ်ချောင်းမှ အလတ်စားရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၂၆) ရက်မြောက် ၈-၇-၂၀၁၄ ရက်နေ့မှာ ခန္တီး-ဟုမ္မလင်း-ဖောင်းပြင်မြို့များသို့ မဟာဓာတ်အားလိုင်းသယ်ယူရန်အခက်အခဲရှိကြောင်း ၂၄ နာရီ လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဒေသအတွင်း ရေအရင်းအမြစ်များရှာဖွေတင်ပြကြရာ လျှပ်စစ်ဝန်ကြီးဌာနကနေပြီးတော့ ဖြေကြားရှင်းလင်းသွားတာကို သတိပြုမိပါတယ်။ ခန္တီးမြို့နယ်အတွင်းရှိ နန်ပုတ်ချောင်းကို ရေအားလျှပ်စစ်ထုတ်ယူမယ်ဆိုလို့ရှိရင် ကျေးရွာများရွှေ့ပြောင်းခြင်း၊ လယ်ယာမြေများ လျော်ကြေးပေးရခြင်းမရှိဘဲနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မယ်လို့ သုံးသပ်ရရှိပါတယ်။ အဲဒီက ထုတ်လုပ်ရရှိတဲ့ လျှပ်စစ်ဟာ ခန္တီးမြို့နယ်အပါအဝင် ထန်ပါခွေ၊ လဟယ်မြို့နယ်များအထိ ရရှိမယ်လို့ သုံးသပ်ရရှိပါတယ်။ သို့ဖြစ်ပါ၍ နန်ပုတ်ချောင်းကို ရေအားလျှပ်စစ်ထုတ်လုပ်၍ရနိုင်/မရနိုင် ကွင်းဆင်းလေ့လာတိုင်းတာဖို့ အစီအစဉ် ရှိ/မရှိ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးမော်သာထွေးကနေပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်ပါ ခန္တီးမြို့၏ အထက်ဘက် ၁၀ မိုင်ခန့်အကွာ ချင်းတွင်းမြစ်ပေါ်တွင် စီးဝင်လျက်ရှိသော နန်ပုတ်ချောင်းမှ အလတ်စားရေအား

လျှပ်စစ်တည်ဆောက်ရန်အတွက် ဌာနတွင်စူးစမ်းလေ့လာတိုင်းတာထားပြီးသော အချက်အလက်မရှိပါသဖြင့် ဝန်ကြီးဌာနအနေဖြင့် အဆိုပါချောင်းမှ ဓာတ်အားထုတ်လုပ်ရရှိနိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိကို ယခုလာမည့် ပွင့်လင်းရာသီတွင် စူးစမ်းလေ့လာတိုင်းတာသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ တကယ်လို့ ကျွန်တော်တို့ကို ထပ်မံပြီးတော့ အကြောင်းကြားပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ အခု ဒီပွင့်လင်းရာသီမတိုင်ခင်လေးမှာ လာမယ့်ခရီးစဉ်မှာ တခြားချောင်းတွေရှိသေးလို့ရှိရင်လည်း ကျွန်တော်တို့ကို လွှတ်တော်မှာ မေးခွန်းမေးစရာမလိုဘဲနဲ့ ကျွန်တော်တို့ဆီမှာပဲ တစ်ခါတည်း တိုက်ရိုက်အကြောင်းကြားမယ်ဆိုရင် လူအင်အားခွဲပြီးတော့ တစ်ပြိုင်နက်တည်းနဲ့ ဒေသတွင်းမှာ ကွင်းဆင်း ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သံလွင်မြစ်ပေါ်တွင် စက်တပ်ဆင်အင်အား ၇၀၀၀ မဂ္ဂါဝပ်ရှိသည့် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း (တာဆန်း) ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မက အထက်သံလွင် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်း သံလွင်မြစ်ပေါ်တွင် စက်တပ်ဆင်အင်အား ၇၀၀၀ မဂ္ဂါဝပ်ရှိတဲ့ မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း (တာဆန်း) အားပြုလုပ်ရန်အတွက် China Three Gorges Corporation, EGAT Int နဲ့ IGOEC တို့ MOU လက်မှတ်ရေးထိုးထားကြောင်း သိရှိရပါတယ်။ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၄၇၁၇ ထွက်ရှိပြီး အရှေ့တောင်အာရှတွင် အကြီးဆုံးစာရင်းဝင်မယ့် ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ အစီရင်ခံစာ (FSR) ပြုစုတင်ပြလာပြီး FSR အား ဥပရောပကျွမ်းကျင်သူ အတိုင်ပင်ခံအဖွဲ့အား ငှားရမ်း၍ စစ်ဆေးမည်ဖြစ်ကြောင်းလည်း သိရှိခဲ့ရပါတယ်။ ဒေသခံတိုင်းရင်းသားများက မိမိတို့ရဲ့ လူမှုဘဝပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို လွန်စွာစိုးရိမ်ပူပန်နေကြပါတယ်။ အထူးသဖြင့် ကွန်ဟိန်းမြို့နယ်နေ ပြည်သူများက ရေဝပ်ဧရိယာမှာ ကွန်ဟိန်းမြို့နယ်မှ တာကော်တံတားအထိ ရေဝပ်ဧရိယာဖြစ်သည်ဟုဆိုကာ စိုးရိမ်လျက်ရှိ

နေပါတယ်။ ထိုမျှသာမက သံလွင်မြစ်ပေါ်တွင် ဆည်များတည်ဆောက်၍ ရေအားလျှပ်စစ်စီမံကိန်းများ ပြုလုပ်နေသည်ကို ပြည်သူအများကလည်း စိုးရိမ်ပူပန်လျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (က) ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်း သံလွင်မြစ်ပေါ်တွင် စက်တပ်ဆင်အင်အား ၇၀၀၀ မဂ္ဂါဝပ်ရှိသည့် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း (တာဆန်း) နှင့်ပတ်သက်၍ဆောင်ရွက်မှုအခြေအနေ မည်သည့်အဆင့်သို့ ရောက်ရှိနေကြောင်းကို အကျဉ်းမျှသိရှိလိုပါသည်။ (ခ) သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှု ဆန်းစစ်ချက်နှင့် ကာကွယ်ပေးရေးအခြေအနေ (EIA)၊ လူမှုဘဝထိခိုက်နိုင်မှုဆန်းစစ်ချက်နှင့် ကာကွယ်ပေးရေးအခြေအနေ(SIA)ကို ပြည်သူအများသိရှိနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ထားသည်။ ဒေသခံတိုင်းရင်းသားပြည်သူများ လုံးဝစိုးရိမ်စရာမရှိသောအခြေအနေအထိရှိ/မရှိ ကျယ်ပြန့်စွာသိရှိနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ (ဂ) ရေအားလျှပ်စစ်စီမံကိန်းအောင်မြင်ပါက နိုင်ငံတော်နှင့် ဒေသခံပြည်သူများဘက်က လျှပ်စစ်ဓာတ်အားတိုက်ရိုက်သုံးစွဲခွင့်ရရှိမှုအပြင် အခြားဆက်နွယ်သည့် လူမှုရေးအခွင့်အလမ်း (Social Benefit) နှင့် စီးပွားရေးအခွင့်အလမ်း (Economic Benefit) မည်မျှရမည်ကိုလည်း သိရှိလိုပါတယ်။ အနီးကပ်နေတဲ့ သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် ပြည်သူများအတွက် အကျိုးအမြတ်မည်မျှရမည်ကိုလည်း သိရှိလိုပါတယ်။ ရာခိုင်နှုန်းနဲ့ ဖော်ပြပေးနိုင်ပါကလည်း ဖော်ပြပေးစေလိုပါတယ်။ (ဃ) ကွန်ဟိန်းမြို့နယ်နေ ပြည်သူများ စိုးရိမ်ပူပန်နေကြသည့်အတိုင်း ရေဝပ်ဧရိယာမှာ ကွန်ဟိန်းမြို့နယ်မှ တာကော်တံတားအထိ ဖြစ်သည်ဆိုခြင်းမှာ မှန်ကန်မှုရှိ/မရှိ။ ဟုတ်မှန်သည်ဆိုပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်များအား မည်သို့ကုစားပေးမည်ကိုလည်း သိရှိလိုပါတယ်။ (င) ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်း သံလွင်မြစ်ပေါ်တွင် စက်တပ်ဆင်အင်အား ၇၀၀၀ မဂ္ဂါဝပ်ရှိသည့် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်း၏ ရေဝပ်ဧရိယာ မည်မျှရှိသည်ကို မြေပုံနှင့်တကွသိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု၏ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ အထက်သံလွင် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းဟာ

ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်း သံလွင်မြစ်ပေါ်မှာတည်ရှိပါတယ်။ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ ရေးဆွဲရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Three Gorges Corporation၊ ထိုင်းနိုင်ငံ EGAT International နှင့် တိုင်းရင်းသားလုပ်ငန်းရှင်ဖြစ်သော International Group of Entrepreneures Company Ltd. တို့သည် နားလည်မှုစာချွန်လွှာ (MOU) ကို ၁၀-၁၁-၂၀၁၀ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ စီမံကိန်းဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအစီရင်ခံစာ (Feasibility Study Report – FSR) ကို ၂၆-၉-၂၀၁၃ ရက်နေ့မှာတင်ပြလာခဲ့ပြီးဖြစ်ပါတယ်။

ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာပါ တပ်ဆင်စက်အင်အားကတော့ ၇၀၀၀ မဂ္ဂါဝပ်ဖြစ်ပြီးတော့ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၄၇၁၇ ထွက်ရှိမယ်လို့ ခန့်မှန်းချက်မှာ ဖော်ပြထားပါတယ်။ အထက်သံလွင် မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းရဲ့ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာအပေါ်မှာ ယေဘုယျလေ့လာလိုက်တဲ့အခါ ကွန်ဟိန်းမြို့နယ် တာကော်တံတားဟာ ရေဝပ်ဧရိယာ အတွင်းမှာ ကျရောက်နေတာကို တွေ့ရတဲ့အတွက်ကြောင့်မို့လို့ ဒီအစီရင်ခံစာမှာပဲ တံတားအသစ် တစ်စင်း ပြန်လည်တည်ဆောက်ပေးမယ်လို့ ပါရှိပြီးဖြစ်ပါတယ်။ တင်ပြလာသော စီမံကိန်းဆိုင်ရာ FSR ကိုစိစစ်ရန်အတွက် နိုင်ငံခြားအတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ ငှားရမ်းပြီးတော့ ဆောင်ရွက်မှာဖြစ်ပြီးတော့ စီမံကိန်းဖြစ်မြောက်နိုင်စွမ်းရှိတယ်လို့ ယူဆတယ်ဆိုရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ပါဆက်လက်ပြီးတော့ လေ့လာစေမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း လေ့လာရုံသက်သက်မဟုတ်ဘဲ Corporate Social Responsibility ကိုပါ ပူးတွဲတင်ပြသွားစေမှာဖြစ်ပါတယ်။

အထက်သံလွင် မိုင်းတုံစီမံကိန်းအကောင်အထည်ဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ်မှာ သက်ရောက်မှုအစီရင်ခံစာပြုစုနိုင်ရေးအတွက် ဩစတြေးလျနိုင်ငံ အခြေစိုက် Snowy Mountain Engineering Cooperation (SMEC) ကုမ္ပဏီကို တာဝန်ပေးနိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်း သဘောတူကြောင်း ပြန်ကြားထားပြီးဖြစ်ပါတယ်။ အဆိုပါအဖွဲ့အနေနဲ့ EIA/SIA အစီရင်ခံစာ စနစ်တကျပြုစုပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအစီရင်ခံစာရရှိမှသာ ကျွန်တော်တို့ အချက်အလက်ကို ပြည့်စုံစွာ ပါရှိလာမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဆက်လက်ပြီးတော့ လိုအပ်တဲ့ကိစ္စများကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရရှိလာသော အစီရင်ခံစာကိုလည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ

ဝန်ကြီးဌာနကို ပြန်လည်တင်ပြပြီးတော့ စိစစ်ပြီးတဲ့အခါကျတော့ စိစစ်တဲ့ရလဒ်နှင့်အတူ အစီရင်ခံစာကိုပြည်သူတွေကို ဆက်လက်ပြီးတော့ အသိပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီမံကိန်းဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ဆန်းစစ်ချက်များဆောင်ရွက်နေစဉ်အတွင်းမှာ စီမံကိန်းအကောင်အထည်ဖော်သူများအနေနဲ့ စီမံကိန်းဆိုင်ရာကိစ္စရပ် များကြောင့်ဖြစ်ပေါ်လာမယ့် အကျိုး/အပြစ်များ၊ ထိခိုက်မှုများအပေါ်မှာ ပြန်လည်ဆောင်ရွက်ပေးမယ့် အစီအမံများကို ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်သူများ၏အကြံဉာဏ်များ ရယူခြင်းများတို့ကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် လူမှုစီးပွားဘဝ တာဝန်ယူမှုဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီးတော့ စီမံကိန်းဒေသကို ကွင်းဆင်းပြီးတော့ လုပ်ငန်းများလည်း ဆက်လက်စစ်ဆေးကြီးကြပ်သွားမှာဖြစ်ပါတယ်။ မိုင်းတုံစီမံကိန်းဆိုင်ရာ FSR အတည်ပြုပြီးမှသာစီမံကိန်းကုန်ကျစရိတ်ကို အတည်ပြုနိုင်မှာဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းကုန်ကျစရိတ်အပေါ်မှာမူတည်ပြီးတော့ ဆက်လက်ပြီးတော့ Financial Analysis လို့ခေါ်တဲ့ FA ကိုပါ ဆက်လက်စိစစ်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်ကရရှိလာမယ့် အကျိုးအမြတ်၊ လုပ်ငန်းအကောင်အထည်ဖော်သူမှရရှိလာမယ့် အကျိုးအမြတ်ဆိုတာ အခုလောလောဆယ်မှာ ကျွန်တော်တို့ မတင်ပြနိုင်သေးဘူးဖြစ်ပါတယ်။ Financial Analysis များဆောင်ရွက်ပြီးစီးတဲ့အချိန်မှာ ကျွန်တော်တို့ သိရှိပြီးတော့တင်ပြမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ မိုင်းတုံမြို့နယ်အတွင်းမှာ သံလွင်မြစ်ပေါ်မှာ တပ်ဆင်စက်အင်အား ၇၀၀၀ ရှိတဲ့ ဒီစီမံကိန်းကို အကောင်အထည်ဖော်မယ်ဆိုရင် ရေဝပ်ဧရိယာကတော့ ၂၆၂ စတုရန်းမိုင်ဖြစ်ပါကြောင်း ပူးတွဲမြေပုံနှင့် တကွတင်ပြထားပါတယ်။ ဒီမြေပုံနှင့်ပူးတွဲဖြေကြားချက်ကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကို ကျွန်တော်စောစောက ပေးအပ်ပြီးဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ မိုင်းတုံရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမယ့် ဓာတ်အားကို မိမိနိုင်ငံအတွင်း ပြည်တွင်းသုံးအတွက် အဓိကထားပြီးတော့ သုံးစွဲသွားမှာဖြစ်ပြီးတော့ ဓာတ်အားပိုလျှံမှသာ အိမ်နီးချင်းနိုင်ငံများကို ရောင်းချသွားမှာဖြစ်ပါကြောင်း တင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။ ဒေါ်တင်နွယ်ဦး ခဏလေး။ ဒေါ်နန်းဝါနု ဆက်စပ်မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မဆက်စပ်မေးခွန်းကို နည်းနည်း မေးချင်လို့ပါရှင့်။ အခု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဒုတိယဝန်ကြီးရဲ့ ဖြေကြားချက်များကိုလည်း ကြိုဆိုလက်ခံပါတယ်။ ဖြေကြားချက်အရ EIA,SIA မလုပ်ရသေးကြောင်းသိရှိရတဲ့အတွက် မေးခွန်း(က)ကိုသာ ဖြေဆိုသွားကြောင်းသဘောရပါတယ်။ EIA,SIA နဲ့ Financial Analysis (FA) ကိုပြုလုပ်ပြီးတဲ့အခါမှာ ကျွန်မရဲ့ ကျန်တဲ့မေးခွန်း(ခ)၊(ဂ)၊(ဃ)၊(င)ကိုလည်း ဆက်လက်ဖြေကြားပေးစေလိုပါတယ်။ ဆက်စပ်မေးခွန်းအနေနဲ့ MOU လက်မှတ်ရေးထိုးထားတဲ့ ကုမ္ပဏီများဟာ သူတို့ရဲ့ သက်ဆိုင်ရာနိုင်ငံတွေမှာ နာမည်ကောင်းရရှိမှုရှိ/မရှိကိုလည်း သိရှိလိုပါတယ်။ အထက်ပါကိစ္စကို ပြန်လည်ဖြေကြားပေးနိုင်မှုရှိ/မရှိကိုလည်း အခုသိရှိလိုပါတယ်ရှင့်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ပထမ ကျွန်တော်တို့ထပ်ဆင့်မေးခွန်းဖြစ်တဲ့ နောက်တစ်ခါလာပြီးတော့ တင်ပြပါအုံးဆိုတာဟာကိုလည်း ကျွန်တော်တို့ ကြိုဆိုပါတယ်။ သူ့အတိုင်းအတာနဲ့သူ အဆင့်တစ်ခုကို ရောက်တဲ့အခါကျလို့ရှိရင် ပြည်သူတွေကိုလည်း ကျွန်တော်တို့က Website တွေကရော၊ ပြည်သူတွေဆီကွင်းဆင်းပြီးတော့ လေ့လာတွေ့ရှိချက်တွေကိုတင်ပြတာရော၊ သတင်းစာတွေ၊ မီဒီယာတွေကလည်းကျွန်တော် တင်ပြတာရော၊ နောက်အားလုံးကျွန်တော်တို့ ပြည့်စုံအောင် Perfect ဖြစ်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒုတိယအချက်ဖြစ်တဲ့မေးခွန်းထဲမှာပါသွားတဲ့ နောက်ထပ်မေးခွန်းကတော့ ဒီကုမ္ပဏီတွေဟာ ဂုဏ်သိက္ခာရှိတဲ့ကုမ္ပဏီတွေလားလို့မေးလိုက်တာဖြစ်ပါတယ်။ အဲဒီတော့ကျွန်တော် တစ်ချက်ပဲပြောပါ့မယ်။ Three Gorges ဆိုတာ အားလုံးကြားပြီးသားဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ မဂ္ဂါဝပ် ၁၈၀၀၀ ပထမဆင့်စပြီးတော့ လည်ပတ်သွားတဲ့ Three Gorges ဆိုတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ သူကတော့ ဒါမြစ်ကျဉ်း သုံးသွယ်ဆိုတဲ့ စီမံကိန်းကို အကောင်အထည်ဖော်သွားတဲ့ နာမည်ကြီး ကုမ္ပဏီဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဖက်စပ်ပါဝင်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်ကတော့ EGAT International ဆိုတာ အခုထိုင်းနိုင်ငံမှာ မီးပေးနေတဲ့ကျွန်တော်တို့ ကုမ္ပဏီဖြစ်ပါတယ်။ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးကို ဓာတ်အားဖြန့်ဖြူးပေးနေတဲ့ ကုမ္ပဏီဖြစ်တော့ ဒါအစိုးရပိုင်ကုမ္ပဏီဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ International Group of entrepreneur ကုမ္ပဏီဆိုတာကတော့မြန်မာနိုင်ငံထဲက လုပ်ငန်းရှင်ကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ နောက်ဒုတိယဆင့်အဖြစ်နဲ့ Snowy Mountain ဆိုတာ FSR လုပ်တဲ့အခါမှာ တရုတ်နိုင်ငံကုမ္ပဏီရော၊ မြန်မာနိုင်ငံကုမ္ပဏီရောကို ကျွန်တော်တို့ရှောင်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီဟာ ဒီလောက်ကြီးတဲ့ မြစ်ကြီးချောင်းကြီးတွေကို ပြုစုတဲ့အခါမှာလည်းပဲ ပြည့်စုံစွာဆောင်ရွက်နိုင်မှု

အားနည်းမယ် သူတို့လည်းပဲ Consultant ထပ်ငှားအုံးမှာပဲဆိုပြီးတော့ ကျွန်တော် တို့ယုံကြည်ပါတယ်။ အဲ့လိုပဲ တရုတ်နိုင်ငံကုမ္ပဏီကိုလည်း ကျွန်တော်တို့က လက်သိပ်ထိုးပြီးတော့ ကျွန်တော်တို့ ပေးလို့မဖြစ်ပါဘူး။ မဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့က ဥရောပနိုင်ငံ ကုမ္ပဏီအခြေစိုက်တွေကို ကျွန်တော်တို့က လေးငါးဦးလောက် ကျွန်တော်တို့ အမည်စာရင်း တင်သွင်းစေပြီးမှ နောက်ဆုံးပိတ် Snowy Mountain ကုမ္ပဏီရဲ့ Biography ကိုကျွန်တော်တို့ လေ့လာပြီးမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက သဘောတူလိုက်ခြင်းဖြစ်ကြောင်းမို့လို့ Reliable ကုမ္ပဏီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တစ်နယ်လုံး လျှပ်စစ်မီးများကောင်းမွန်စွာရရှိရန် မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)က ဒေါ်တင်နွယ်ဦးဖြစ်ပါတယ်။ ဒဂုံမြို့သစ်မြောက်ပိုင်း စဖြစ်ပေါ်ပုံလေးနည်းနည်းရှင်းပြချင်ပါတယ်။ ၁၉၉၀ ခုနှစ်လောက်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ဝန်ထမ်းတွေကို နေအိမ်အခက်အခဲ ဖြေရှင်းပေးဖို့ဆိုပြီးတော့ လုပ်သက်အနှစ် ၂၀ ပြည့်တဲ့ဝန်ထမ်းတွေကို ၁၉၉၀ မှာ ငွေချေးပြီးတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ကို ဖော်ပြီးတော့ မြို့သစ်ဖော်ဆောင်ခဲ့ပါတယ်။ အဲဒီတော့ ၁၉၉၁၊ ၁၉၉၂ လောက်မှာစပြီးတော့ ဒီလျှပ်စစ်မီးကိစ္စတွေပေါ့၊ ရေမီးကိစ္စအစရှိတဲ့ စာသင်ကျောင်းကိစ္စတွေ စပြီးဆောက်လုပ်တာဖြစ်တဲ့ အတွက် အခုဆိုရင် ၁၉၉၁၊ ၁၉၉၂ ကဆိုရင် အခု ၂၀၁၄ ဆိုတော့ နှစ်ပေါင်း ၂၂ နှစ်လောက်တော့ ရှိပါပြီ။ အဲဒီတော့ အခုကျွန်မက မီးကိစ္စမေးမယ်ဆိုတော့ အဲဒီတုန်းက ဒဂုံမြို့သစ်လုပ်လုပ်လုပ် ဆိုပြီးတော့ Town Plan ကိုသေချာမလုပ်ခဲ့ပါဘူး။ မီးကျတော့ဘယ်ပေါ်မှာတည်ပြီးလုပ်ရမှာလည်း ဆိုတော့ ဒီ Town Length နဲ့ပတ်သက်တဲ့ Roll လုပ်ပြီးတော့မှ အဲဒီ Roll အတိုင်းမီးချောင်းတွေ ဘာတွေကို ၊ မီးတိုင်တွေကို လုပ်ခဲ့ရမှာဖြစ်ပါတယ်။ ထရန်စဖော်မာတွေလည်း အဲဒီလိုလုပ်ခဲ့ရမယ့် ဟာကို အဲဒီအချိန်တုန်းက လူတချို့တွေကို ငွေထုတ်ချေးပြီးတော့ ငါးသိန်းထုတ်ချေးတဲ့လူနဲ့၊ တစ်သိန်း ထုတ်ချေးတဲ့လူနဲ့၊ ခြောက်လ ခုနှစ်လအတွင်း အိမ်ကိုအပြီးဆောက်ရမယ်ဆို မိုးတွင်းမှာ ဖွတ်ဆောက် ခိုင်းတဲ့အတွက်ကြောင့်မို့လို့ ကမောက်ကမတွေဖြစ်၊ ဆောက်ကြပြီးတော့ မီးကလည်း လူရှိတဲ့၊

သန်းခေါင်စာရင်းရှိပြီးတော့ လူလာနေတဲ့အိမ်တွေကို အဓိကထားပြီးတော့ သွယ်ခဲ့တာဖြစ်ပါတယ်။ အဲတော့ အဲဒီတုန်းကတည်းက မီးချောင်းတွေ၊ မီးတိုင်တွေ၊ ထရန်စဖော်မာတွေရဲ့ အထိုင်ကျမှုက စနစ်တကျမရှိခဲ့ပါဘူး။ Town Plan ကလည်းမကောင်းဘူး။ မီးချောင်းတွေ၊ မီးတိုင်တွေရဲ့ အထိုင်ကျမှုကလည်းမကောင်းခဲ့တဲ့အတွက်ကြောင့် အခု လျှပ်စစ်မီးဒုက္ခကို ရင်ဆိုင်ရတာဖြစ်ပါတယ်။ အဲဒီတော့ ပြန်ပြောရမယ်ဆိုရင် အဲဒီအချိန်က ခုနကလည်း ဝန်ကြီးရှင်းသွားတဲ့အထဲမှာပါပါတယ်။ နာမည်ကြီး Reliable ကုမ္ပဏီကနေဝယ်တယ်ဆိုပေမယ့် ထိုအချိန်လျှပ်စစ်ဌာနမှာ လုပ်တဲ့သူတွေရဲ့ အရည်အသွေးညံ့ဖျင်းမှုကြောင့်မို့လို့ ညံ့ဖျင်းတဲ့အရည်အသွေးတွေလည်းရှိတဲ့ ဝါယာကြိုးတွေ ဓာတ်တိုင်တွေဖြစ်တဲ့အတွက် ၂၂ နှစ်မှာပဲ အခုလိုပြုတ်ပြုတ်ပြုန်းတဲ့အခြေအနေဖြစ်ပါတယ်။ တကယ်တန်းကျတော့ ဝါယာကြိုးဆိုတာ နှစ် ၃၀ မကခံရမယ့်ဟာကို အခု ၂၀၊ ၂၂ နှစ်မှာဆိုရင် ကျွန်မတို့ မြောက်ဒဂုံမှာ ၂၇ ရပ်ကွက်ရှိပါတယ်။ ထရန်စဖော်မာအားလုံးပေါင်း အလုံး ၃၀ ရှိပါတယ်။ ဟိုမနေ့တနေ့ကတော့ ထရန်စဖော်မာ ၅ လုံးအသစ်ထပ်ချပေးပါတယ်။ ဒါပေမယ့် ထမပေါက်ဖူးတဲ့ထရန်စဖော်မာ မရှိဖူးပါဘူး။ ဘာလို့လဲဆိုတော့ လူဦးရေများများလာတာနဲ့အမျှ မီးဒဏ်မခံနိုင်လို့ ညံ့ဖျင်းတဲ့လျှပ်စစ်မီးကြိုးကြောင့် ထရန်စဖော်မာတွေကလည်းပေါက်တာဖြစ်ပါတယ်။ အဲဒီတော့ အခုဓာတ်တိုင်တွေလည်း လဲပေးပါတယ်။ မလဲပေးဘူးမဟုတ်ပါဘူး။ သစ်သားဓာတ်တိုင်တွေကနေ ကွန်ကရစ်ဓာတ်တိုင်တွေလဲပေးပါတယ်။ ဒါပေမယ့် စောင်းရွဲ့နေတဲ့ဓာတ်တိုင်တွေ၊ တွန့်ခေါက်နေတဲ့ဓာတ်တိုင်တွေ လမ်းအလယ်တည့်တည့်မှာ စိုက်ထားတဲ့ဓာတ်တိုင်တွေလည်း ရှိပါတယ်။ အဲဒီတော့ ဓာတ်တိုင်ရယ်၊ ထရန်စဖော်မာရယ်၊ မြောက်ဒဂုံရဲ့ လျှပ်စစ်အခြေအနေကိုလည်း သိမှာပါ။ အဲဒီတော့ကျွန်မကမေးခွန်းနှစ်ပိုင်းမေးပါမယ်။ ဆင်ခြေဖုံးရပ်ကွက်ဖြစ်တဲ့ အစိုးရဝန်ထမ်းအများစုနေတဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြောက်ပိုင်းမှာ အဓိကလမ်းမကြီးတွေမှာ ညအချိန်မီးမရဘူး။ အဓိကက ကျွန်မညအချိန်မီးမရဘူးဆိုတာက မန္တလေးဈေးတို့လို အစိုးရဝန်ထမ်းတွေအားပြုနေရတဲ့ ဈေးလမ်းမျိုး လမ်းမကြီးမျိုးရှိပါတယ်။ အဲဒီမှာကိုက မီးမရတာဖြစ်ပါတယ်။ နောက်အဓိကဖြစ်တဲ့ ပင်လုံလမ်းမကြီး မြောက်ဥက္ကလာနဲ့ဆက်သွယ်တဲ့ ပင်လုံလမ်းမကြီးဆိုရင် ညဘက်ကိုမီးမရပါဘူး။ အဲဒီတော့ဟိုတလောကပဲ မြောက်ဒဂုံမှာ မနေ့တနေ့ကလည်း ပါပါတယ်။ အနုကြမ်းစီးမှုတွေ ဘာတွေဖြစ်လာပါတယ်။ အဲဒါက မီးမရလို့ဖြစ်တာပါ။ နောက်တစ်ခုက ဒီမြောက်ဒဂုံမှာ ရေမီးကိစ္စတွေ အဆင်မပြေခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့က အစည်းအဝေးတွေ လုပ်၊ ရေစီးရေလာလုပ်၊ ဘာညာလုပ်တဲ့အခါ ဒီရေစီး စကတည်းက Town Plan မလုပ်ခဲ့တဲ့အတွက်ကြောင့် Assessment Role ကိုလည်းသေချာလုပ်မထားတဲ့အတွက် အဲဒီရေစီးရေလာကိစ္စတွေ

လုပ်ရင်းနဲ့ တစ်ခါ မီးတွေက ထပ်ပြတ်တောက် သွားပြီးတော့ လိုအပ်တဲ့အချိန်မှာ မီးပြန်မရလို့ ဆုပ္ပမှုတွေ၊ လှုံ့ဆော်မှုတွေလည်း ရှိလာပါတယ်။ အဲဒီကိစ္စကို လျှပ်စစ်ဝန်ကြီးဌာနက ဘယ်လိုများဖြေရှင်းပေးမလဲလို့ သိချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးခွန်းမေးပေးတဲ့ ကိုယ်စားလှယ်ကြီး ဒေါ်တင်နွယ်ဦး ကိုကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ တစ်ခါတလေကျတော့ ကျွန်တော်တို့ ကိုယ်မသိတဲ့အကြောင်းပြချက် ခိုင်လုံစွာမပြောနိုင်တဲ့ကိစ္စမျိုးတွေမှာ အရင်လည်းပဲ ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီး အမြဲတမ်းပြောခဲ့ဖူးပါတယ်။ ဒါလေးတွေထည့်ပြောတဲ့အခါမှာ ခံစားရတဲ့ခံစားချက်လေးတွေဟာ နည်းနည်းလေးတစ်မျိုးဖြစ်တတ်ပါတယ်။ မိမိသိလိုတဲ့မေးခွန်းကိုပဲ မိမိအဓိကထားပြီးမေးမြန်းမယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေမယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျွန်တော်သိတဲ့ အတွေ့အကြုံအရပြောရမယ်ဆိုရင် ကျွန်တော်တို့ဆီမှာ အခုဆိုရင် ဆေးပညာနဲ့ပတ်သက်တဲ့ကောင်စီတွေပေါ်သလို အဆောက်အဦနဲ့ပတ်သက်တဲ့ ဗိသုကာကောင်စီဥပဒေတွေလည်း ထွက်လာပါပြီ။ အင်ဂျင်နီယာကောင်စီတွေလည်း ရှိလာပါပြီ။ နဂိုမူလ အဲ့ဒီမတိုင်မီကတည်းက ကျွန်တော် သိမီသလောက်ကတော့ ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများဟာ ဒီလုပ်ငန်းလုပ်တဲ့နေရာမှာ သေသပ်ခိုင်မာအောင်တော့ လုပ်ကြတာမှန်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ နိုင်ငံခြားက အင်မတန်နာမည်ကြီးပါတယ်ဆိုတဲ့ ကုမ္ပဏီကြီးတွေကနေ ထုတ်လုပ်တဲ့ မော်တော်ကားတွေတောင်မှ ချို့ယွင်းတဲ့အခါမှာ ပြန်လည်သိမ်းယူရတဲ့အခါတွေလည်း ရှိတတ်ပါတယ်။ ဒါဟာ သူတို့ရဲ့ စစ်ဆေးပြီးမှ သေသေချာချာ ကျွန်တော်တို့ Quality Control တွေနဲ့လည်း လုပ်ခဲ့တာတွေလည်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ အကြောင်းတစ်စုံတရာကြောင့် ဖြစ်တတ်တာလေးတွေလည်းရှိတဲ့အတွက် နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်။ သူတို့အနေနဲ့ ညံ့ဖျင်းမှုလို့ပြောလိုက်ရင်တော့ ဒါ ဝန်ထမ်းများကိုလည်း ထိခိုက်ရာကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ လူတိုင်းလူတိုင်းဟာ စေတနာနဲ့ဆောင်ရွက်ပေးနေကြတာဖြစ်တဲ့အတွက် စိတ်ထဲမှာ ဝန်ထမ်းများ ညံ့ဖျင်းတယ်လို့မထင်စေချင်ပါဘူးခင်ဗျာ။ သူတို့အနေနဲ့လည်း ကြိုးစားပမ်းစားနဲ့ လုပ်ပေးနေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရရှိတဲ့အသီးအပွင့်ကိုသာ ခံစားနိုင်ဖို့အတွက်ကို မေတ္တာပို့ပြီးတော့ ကျွန်တော်တို့ အကူအညီတောင်းရင် ပိုပြီးတော့ ကောင်းမယ်ထင်ပါတယ်။ ကျွန်တော် စေတနာ၊ မေတ္တာနဲ့ ပြောပြတာပါ။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်းပဲ မိမိတို့ ဆောင်ရွက်ထားခဲ့တဲ့ကိစ္စလေးတွေမှာလည်းပဲ တချို့ရှိပါတယ်။ ကျွန်တော်တို့မှာ စက်ရုံကထွက်တဲ့ အခြေအနေဟာ အရင်တုန်းက စက်တပ်ဆင်နိုင်တဲ့နေရာမှာ လိုအပ်နေတဲ့အခါကျ

ရင် ဒီ Quality ကို မြှင့်ပြီးတော့ မလုပ်နိုင်တာ ဥပမာသဘောအားဖြင့်ပြောရရင် ကျွန်တော်တို့ ရန်ကုန်မြို့မှာ လျှပ်စစ်ဝါယာကြိုးတွေ ခဏခဏဖြတ်တောက်ပြီး အခိုးခံရတယ်။ ဘာကြောင့်အခိုးခံရသလဲ။ တစ်ခါခိုးရင်းနဲ့ပဲ မသိတဲ့အတွက် မီးလာမှန်းမသိတဲ့အတွက် ခိုးမိတဲ့အတွက် တစ်ခါတည်းဖြတ်တောက်လိုက်တဲ့အချိန်မှာ လျှပ်စစ်ဓာတ်လိုက်ပြီးတော့ ရထားလမ်းဘေးမှာ၊ သံလမ်းဘေးတွေမှာ ဓာတ်လိုက်ပြီး သေဆုံးသွားတဲ့အမှုတွေလည်း ကျွန်တော် ကြားခဲ့၊ တွေ့ခဲ့ဖူးပါတယ်။ ဒီနေရာမှာ မီးမလာတဲ့နေရာမှာလည်းဖြတ်ခိုးတယ်။ ဘာကြောင့်ခိုးသလဲ။ ဒီထဲမှာပါတဲ့ ကြေးချောင်းကို သူတို့ ပြန်ပြီးတော့ ရောင်းစားကြတယ်။ ဒါက ကျွန်တော် နားလည်သလောက်ပါ။ အဲ့ဒီတော့ မသန့်ရှင်းတဲ့ကြေးချောင်းတွေကို ယူပြီးတော့ ပြန်ပြီး ကြေးရည်ကျိုပြီး သုံးစွဲကြတဲ့အခါကျတော့ ကျွန်တော်တို့ တကယ့် ခိုင်မာတဲ့လျှပ်စစ်ပစ္စည်း မဟုတ်ဘဲနဲ့ ဒီလိုလွယ်လင့်တကူနဲ့ ဈေးသက်သာတဲ့ပစ္စည်းကို ယူသုံးမိတဲ့အခါမှာ အိမ်တွေအိမ်တွေမှာလည်းပဲ မီးဘေးနဲ့ပတ်သက်ပြီးတော့ မကြာခဏ လျှပ်စစ်အန္တရာယ်တွေရှိခဲ့တာလည်း ကျွန်တော်တို့ ကြားသိနေရပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာလျှပ်စစ်ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဖြေကြားပေးပါ။ ပြီးလို့ရှိရင်လည်းပဲ လိုအပ်တဲ့ညွှန်ကြားချက်တွေနဲ့ လုပ်ဆောင်ရမယ့်ကိစ္စလေးတွေ ရှိရင်လည်းပဲ ပြည်သူပြည်သားများ လိုက်နာရန်၊ ဆောင်ရွက်ရန်နဲ့ ရှောင်ရန်၊ ဆောင်ရန်လေးတွေလည်း သေသေချာချာဆောင်ရွက်ပေးဖို့လိုမယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ ဒါကြောင့် ကျွန်တော့် ရှင်းလင်းပြချက်လေးကိုလည်း ကိုယ်စားလှယ်ကြီး ဆရာမဒေါ်တင်နွယ်ဦး နားလည်နိုင်လိမ့်မယ်ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးမှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော်ကျယ်ကျယ်ပြန့်ပြန့်လေး ဖြေကြားပေးမှာဖြစ်ပါတယ်။ဒီရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာ ဘေလီဓာတ်အားခွဲရုံ၊ ကုန်ပဒေသာဓာတ်အားခွဲရုံနှင့် ရွှေပင်လုံဓာတ်အားခွဲရုံတို့ တည်ဆောက်တပ်ဆင်ထားပြီးတော့ ဓာတ်အားဖြန့်ဖြူးပေးနေပါတယ်။ သာကေတစက်ရုံကနေပြီးတော့ ၆၆ ကေဗွီ ဓာတ်အားလိုင်းနဲ့ ဘေလီဓာတ်အားခွဲရုံကိုလည်းကောင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ရွှေပင်လုံဓာတ်အား ခွဲရုံကိုလည်းကောင်း ဓာတ်အားပို့လွှတ်ပေးရာမှာ သစ်ပင်သစ်ကိုင်းများနဲ့ ဓာတ်အားလိုင်းများ ထိနေခြင်း၊ ဓာတ်အားပို့လွှတ်ရာမှာ ဓာတ်အားလိုင်းများ ရှည်လျားနေခြင်း၊ သုံးစွဲဝန်အားပြည့်နေခြင်း၊ ကြွေသီးများ ချို့ယွင်းခြင်းတို့ကြောင့် ဓာတ်အားလိုင်း

မကြာခဏအပြစ်ဖြစ်ပြီးတော့ ကုန်ပဒေသာခွဲရုံတွင် ဓာတ်အားပြတ်တောက်မှုများ ရှိနေခြင်းဖြစ်ပါတယ်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)ဟာ ၁၉၈၉ ခုနှစ်က မြို့သစ်စတင် တည်ဆောက်တဲ့ အချိန်မှာ ဓာတ်အားလိုင်းများကို အမြန်တည်ဆောက်ခဲ့ရတဲ့ မြို့သစ်တစ်မြို့ဖြစ်ပါတယ်။ ၎င်းအချိန်မှာ ဖြစ်ပေါ်နေတဲ့အခြေနေအပေါ် မူတည်ပြီးတော့ အလျှင်စလိုဆောင်ရွက်ပေးခဲ့ရခြင်းအပေါ်မှာလည်း နားလည်ခွင့်လွှတ်စေလိုပါတယ်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်များဟာ ဗို့အားပြည့်မီစွာဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ဖို့အတွက် ၂၅၀ အမ်ဗွီအေ အရှေ့ဒဂုံဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို အခုဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၂၀၁၅ခုနှစ်၊ နှစ်စပိုင်းကနေစပြီးတော့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးတဲ့ နေရာမှာအဓိကအရေးပါတဲ့ ဓာတ်အားခွဲရုံကြီးတစ်ရုံအဖြစ်နဲ့ ရပ်တည်သွားမှာဖြစ်ပါတယ်။ အဆိုပါဓာတ်အားခွဲရုံတည်ဆောက် ပြီးပြီဆိုပါက အရှေ့ ဒဂုံဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းများတိုးချဲ့ တည်ဆောက်ပြီးတော့ အဆိုပါဓာတ်အားခွဲရုံကြီးကနေတဆင့် ကုန်ပဒေသာခွဲရုံကို ဓာတ်အားပို့လွှတ်ပါက ဓာတ်အားပြတ်တောက်မှု အကြိမ်ရေနည်းပါးသွားမှာဖြစ်သလို ဗို့အားလည်းပြည့်လာမှာဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် ထိုင်းနိုင်ငံအခြေစိုက် Neighbouring Countries Economic Development Cooperation Agency ဆိုတဲ့ (NEDA)၏ အတိုးနှုန်းသက်သာသော ချေးငွေဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့မှာ ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးစီမံချက်ကိုလည်း ဆောင်ရွက်လျက် ရှိပြီဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်အပိုင်းလေးတွေခွဲတင်ပြပါ့မယ်။ (က) ၆၆ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းနှင့်စပ်လျဉ်းပြီးတော့ မြောက်ဥက္ကလာပမှာ ၅၀ အမ်ဗွီအေဓာတ်အားခွဲရုံအသစ် တစ်လုံး၊နောက် ဝေဘာဂီမှာ ၅၀အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်လုံး၊နောက် ရွှေပေါက်ကံမှာ ၅၀ အမ်ဗွီအေနှင့် ၃၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်လုံး ၊နောက် ကုန်ပဒေသာမှာ ကျွန်တော်တို့ ၅၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်လုံး၊နောက်တစ်ခါ ဘေလီခွဲရုံမှာ ၅၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတိုးချဲ့မယ်၊ နောက် စိန်ပန်းမြိုင် ဓာတ်အားခွဲရုံတွင် ၆၆ ကေဗွီ Switches တိုးချဲ့မှာ ဖြစ်ပါတယ်။ (ခ)အနေနဲ့ ကတော့ကျွန်တော်တို့ ဒီစက်ရုံတွေ၊ ဒီခွဲရုံတွေနဲ့တည်ဆောက်ပြီးတဲ့အခါမှာ ဓာတ်အားလိုင်းတွေလည်း ပါလာဖို့လိုပါတယ်။ အဲဒါကိုကျွန်တော်(ခ)အနေနဲ့တင်ပြမှာဖြစ်ပါတယ်။ ၆၆ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်တဲ့နေရာမှာတော့ ကောင်းကင် လိုင်း ၃၉ မိုင်၊ မြေအောက်ကြိုး မြှုပ်ခြင်း ၂ မိုင် ၆၆ကေဗွီလိုင်းတည်ဆောက်မှာဖြစ်ပါတယ်။ ၁၁ ကေဗွီဓာတ်အားလိုင်းတွေကတော့ ဓာတ်အားလိုင်း

အသစ် ၄၄ မိုင် ကျွန်တော်တို့အသစ်ဆွဲမှာဖြစ်ပြီးတော့ အစားထိုးလဲလှယ်ခြင်းကို ၅၀ မိုင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ဒီနေရာမှာ နောက်တစ်ပိုဒ်အဖြစ်နဲ့ ဓာတ်အားဖြန့်ဖြူးရေးထရန်စဖော် မာများတပ်ဆင်ခြင်း၊ လဲလှယ်ခြင်းမှာ ၃၁၅ ကေဗွီအေ အလုံး(၁၂၀)၊ ၁၆၀ကေဗွီအေ (၂၃၇)လုံး ၊ အဆိုပါလုပ်ငန်းများကို ကျွန်တော်တို့ ငွေရရှိဖို့အတွက်ကတော့ (NEDA)ချေးငွေအမေရိကန်ဒေါ်လာ (၅၄)သန်းခန့်နဲ့ ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးကော်မတီကို တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ဆင့်ကတော့ကျွန်တော်တို့ လမ်းမီးများထွန်းညှိရေးကိစ္စဖြစ်ပါတယ်။ လမ်းမီးထွန်းညှိရေးကိစ္စကတော့ ဓာတ်ကြိုးနဲ့ဓာတ်တိုင်များကိုတော့ ကျွန်တော်တို့လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကနေပြီးတော့ ဆောင်ရွက်ပြီးတော့ ဓာတ်မီးတိုင်များမှာ မီးထွန်းခြင်းကိစ္စများကိုတော့ မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ဒီကိစ္စကို နှစ်ဦးပူးပေါင်းပြီးတော့ ကျွန်တော်တို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသွားပါ့မယ်လို့ ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းရှိ အစိုးရတာတမံပြီးမြောက်ရေးနှင့် တာတမံအတွင်းရှိ ပုစွန်ကန်ပြဿနာများ ရှင်းလင်း ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြေပုံမြို့နယ်၊ င/မန်းရဲကျွန်းဟာအလျားမိုင် ၃၆ မိုင်ရှိပြီးတော့ ဧရိယာအားဖြင့် ဧက ၁၂၃၀၀ ရှိပါတယ်။ ဒါကို နိုင်ငံတော်က ၁၉၈၇-၁၉၈၈ မှာ နိုင်ငံတော်ကဆည်ဖို့ပေးခြင်းဖြစ်ပါတယ်။ ဒါပေမယ့် အဲ့လိုဆည်ဖို့ပေးပြီးတော့ မကြာခင်မှာဘဲ ၂၀၀၄ခုနှစ်လောက်မှာ ကျွန်တော်တို့ မုန်တိုင်းတိုက်တဲ့အတွက် ဒီတာတမံဟာ ပျက်စီးသွားပါတယ်။ အဲ့ဒီအချိန်မှာ နိုင်ငံတော်အစိုးရကလည်း ဝင်ရောက်ပြီးတော့ မလုပ်ဆောင်ပေးနိုင်တဲ့အချိန်မှာ စီးပွားရေးလုပ်ငန်းရှင်များက ပုစွန်ကွင်းတွေ အဲ့ဒီတာတမံထဲမှာ တည်ဆောက်ခဲ့ကြပါတယ်။ အဲ့ဒါနဲ့ပဲ ဒေသခံလယ်သမားတွေနဲ့ ပုစွန်ကွင်းတွေဟာ ပြဿနာဖြစ်ခဲ့ကြပါတယ်။ ဒါပေမယ့် လယ်သမားတွေက နိုင်ငံတော်က အဲ့ဒီတာတမံကိုပြန်ပြီးတော့ ဆည်ဖို့ပေးလာတဲ့အချိန်အခါမှာ ဒါတွေဟာ ချုပ်ငြိမ်းသွားလိမ့်မယ်၊ ကျေအေးသွားလိမ့်မယ်ဆိုပြီးတော့ မျှော်လင့်ခဲ့ကြပါတယ်။ ၂၀၁၂-

၂၀၁၃ ခုနှစ်မှာ နိုင်ငံတော်က တာပတ်ခြင်းလုပ်ငန်းကို လုပ်တဲ့အခါမှာ အဲ့ဒီပုစွန်ကွင်းလုပ်ငန်းရှင်တွေက သူတို့ဖောက်ထားတဲ့ ရေတံခါးတွေကို အပိတ်မခံပါဘူး။ မပိတ်ဖို့ ဝန်ထမ်းတွေကို ခြိမ်းခြောက်ပါတယ်။ အဲ့ဒါနဲ့ပဲ ပြည်နယ်အစိုးရကိုတင်ပြတဲ့အခါ ပြည်နယ်အစိုးရက အဲ့ဒီရေတံခါးတွေကိုမပိတ်ဖို့ ညွှန်ကြားတဲ့အတွက် လယ်သမားတွေနဲ့လုပ်ငန်းရှင်တွေကြားမှာ ပိုပြီးပြဿနာတင်းမာလာပါတယ်။ ဒီတော့ ကျွန်တော်တို့က ပဋိပက္ခတစ်ခုဖြစ်လာပြီဆိုရင် ကျွန်တော်တို့ပြောပြောနေတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ပဲ ဖြေရှင်းရမှာဖြစ်လို့ တည်ဆဲဥပဒေကိုလိုက်နာရမှာဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ၊ ဆည်မြောင်းဥပဒေတွေ အထင်အရှားရှိပါလျက်နဲ့ တာတမံထဲမှာ ပုစွန်ကွင်းတွေလာဖောက်တယ် လုပ်တယ်ဆိုတာဟာ ဒါဥပဒေကိုမျက်ကွယ်ပြုရာရောက်ပါတယ်။ ဒါပေမယ့် ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ခုကို ပြည်နယ်အစိုးရက အဲ့ဒီလိုချိုးဖောက်လိုက်တဲ့အခါမှာ အဲ့ဒီလယ်ယာမြေဥပဒေ၊ ဆည်မြောင်းဥပဒေတွေလည်း မျက်စိလည်ကုန်ပါတော့တယ်။ တောလည်သွားပါတယ်။ ဒါနဲ့ပဲ ကျွန်တော်အနေနဲ့ ဆဋ္ဌမပုံမှန်အစည်းအဝေး ပြည်သူ့လွှတ်တော်မှာ မေးခွန်းကိုမေးတဲ့အခါမှာ ပြည်ထောင်စုဒုတိယဝန်ကြီး ကိုယ်တိုင်လာပြီးတော့ ဖြေကြားသွားပါတယ်။

(၁) မေးခွန်းက င/မန်းရဲကျွန်းတာတမံဟာ စပါးစိုက်ပျိုးရန်ရည်ရွယ်၍ ဆည်ဖို့ပေးခဲ့ခြင်းမှာ မှန်ပါသလားလို့ မေးပါတယ်။ ဝန်ကြီးကမှန်ပါတယ်လို့ ပြောပါတယ်။ (၂) မေးခွန်းမှာ နိုင်ငံတော်က တည်ဆောက်ပေးသော စပါးစိုက်တာတမံအတွင်းတွင် ပုစွန်ကွင်း/ရေငန်သွင်း ပုစွန်ကွင်းများ တည်ဆောက်ခွင့်ရှိပါသလားလို့မေးရာမှာ ဒေသအာဏာပိုင်အဖွဲ့အစည်းက စီမံဆောင်ရွက်ခြင်းအပေါ် တစ်စုံတစ်ရာဝေဖန်ရန် အကြောင်းမရှိပါလို့ ဖြေပါတယ်။ (၃) မေးခွန်းဖြစ်တဲ့ ပြည်ထောင်စုအစိုးရက ဥပဒေအရ ဆောင်ရွက်နေတဲ့လုပ်ငန်းကို ပြည်နယ်အစိုးရက တာဝန်ရှိသူက ပိတ်ပင်ခွင့်ရှိပါသလားလို့ မေးတဲ့အခါမှာ ပိတ်ပင်ခွင့်မရှိပါဘူး။ ညှိနှိုင်းခွင့်သာရှိပါတယ်လို့ ဖြေပါတယ်။ (၄) မေးခွန်းကို င/မန်းရဲကျွန်းတာတမံ အချိန်မီပြီးမြောက်အောင် မည်သို့ဆောင်ရွက်ပေးပါမည်နည်းလို့ ပြောတဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အပြီးဆည်ဖို့ပေးပါမယ်ဆိုပြီးတော့ ကတိပေးဖြေကြားသွားပါတယ်။ အဲ့ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက နိုင်ငံတော်သမ္မတထံကို သီးသန့်သဝဏ်လွှာပေးပို့ရာမှာ သမ္မတထံမှ ၂/၄/၂၀၁၃ ရက်စွဲပါစာအမှတ်-၁၀၈(၁၁/၈/သမ္မတရုံးစာဖြင့်တာပတ်ခြင်းလုပ်ငန်းအား ယခုနှစ်အတွင်း အပြီးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် တာတမံပြီးစီးပါကစပါးကွင်းအတွင်း ပုစွန်မွေးမြူခြင်းအား ပြေလည်အောင်ဖြေရှင်းပေးပါမည်ဆိုပြီးတော့ ကတိပေးဖြေကြားသွားပါတယ်။ ပြောကြားသွားပါတယ်။ ဒါပေမယ့် ယနေ့အထိ အဲ့ဒီလုပ်ငန်းတွေဟာ

အကောင်အထည်မပေါ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဆက်ပြီး ဒီလွှတ်တော်မှာပဲ မေးခွန်း မေးထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်း(၁)က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၈/မန်းရဲကျွန်းတာတမံ တာပတ်ခြင်းလုပ်ငန်းအား အပြီးဆည်ဖို့ရန် လျာထားသတ်မှတ်ခဲ့သော်လည်း မပြီးနိုင်ခဲ့သည်ဖြစ်ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်ပြီးအောင် ဆည်ဖို့ပေးနိုင်ပါမည်လား။ မေးခွန်း(၂) စပါးစိုက်ပျိုးရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်က ဘဏ္ဍာကို အသုံးပြု၍ တည်ဆောက်ပေးသော ၈/မန်းရဲကျွန်း အစိုးရတာထဲတွင် ဆည်မြောင်းဥပဒေ၊ လယ်ယာမြေဥပဒေများကို ချိုးဖောက်၍ တရားမဝင်ပြုလုပ်ထားသော ပုစွန်ကွင်းများအားမည်သို့ ဖယ်ရှားပေးပါမည်နည်းနှင့် မေးခွန်း(၃) အတုမြင်အတတ်သင်ဆိုသကဲ့သို့ ဤကဲ့သို့ ဥပဒေကို ချိုးဖောက်နေပါလျက်နှင့် အရေးယူမဆောင်ရွက်ခြင်း၊ ဖယ်ရှားခြင်းမပြုခြင်း၊ ခွင့်ပြုထားခြင်းစသည် တို့ဟာ နီးစပ်ရာမြို့နယ်များတွေမှာလည်း အစိုးရတာများကို စပါးကွင်းများကို ပုစွန်ကွင်းများ ပြုလုပ် လာကြသည့်အတွက်နဲ့ လူမှုဆိုးကျိုးများပေါ်ပေါက်နေသည်ကို သိရှိပါသလား။ ဤသို့မဖြစ်ရအောင် မည်သို့ကာကွယ်ဆောင်ရွက်သွားမည်ကို သိလိုပါတယ်ခင်ဗျား။ လေးစားပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးခင်ဇော် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့မေးခွန်းနှင့်ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဖြေကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်အတွင်းရှိ လယ်ယာ မြေများ ရေငန်ဝင်ရောက်မှုမှကာကွယ်ရန်၊ ရေဘေးကာကွယ်ဇရိယာအတွင်း မိုးစပါးစိုက်ဧကများ တိုးချဲ့ရန်နှင့် သီးနှံအထွက်နှုန်းတိုးစေရန်ရည်ရွယ်၍ ၈/မန်းရဲကျွန်းတာ အလျား ၃၆ မိုင်ကို အကောင်

အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၈၆-၁၉၈၇ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါတယ်။ ၁၉၈၇-၁၉၈၈ ဘဏ္ဍာရေးနှစ်တွင် ရေတံခါးခြောက်လုံး ထည့်သွင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ပေးခဲ့သဖြင့် လယ်ယာမြေဧရိယာ ၁၂၃၀၆ ဧကကို ရေဘေးကာကွယ်နိုင်ခဲ့ပြီး နှစ်စဉ်ပျမ်းမျှမိုးစပါးဧက ၈၅၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ပါတယ်။

မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သော ငမန်းရဲကျွန်းတာ ပုံစံကျပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား နှစ်စဉ်ခွဲဝေရရှိသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၀၉-၂၀၁၀ခုနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းအလျား ၂၅.၄၃ မိုင်အား ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရရှိသည့်ရန်ပုံငွေဖြင့် အလျား ၅.၅၇ မိုင်အား ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဆောင်ရွက်ရန်ကျန်ရှိတဲ့ အလျားငါးမိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ် မိုးရာသီမတိုင်မီ ရာနှုန်းပြည့် ပြီးစီးအောင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ မူလရေတံခါးငါးလုံး အထွေထွေပြုပြင်ခြင်းနှင့် ရေတံခါးအသစ်သုံးလုံး တည်ဆောက်ခြင်းအတွက် ရန်ပုံငွေရရှိရေးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဆောင်ရွက်ရန် ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီးတို့သည် ၂၅-၃-၂၀၁၃ ရက်နေ့တွင် ငမန်းရဲကျွန်းတာအတွင်းရှိ ပုစွန်ကွင်း၊ ပုစွန်ကန်များသို့ ကွင်းဆင်းစစ်ဆေးချက်အရ ရေငန်တားတာပြုပြင်ခြင်းလုပ်ငန်းများအား ရာခိုင်နှုန်းပြည့်မပြီးစီးမီအချိန်ကာလအတွင်း လက်ရှိဆောင်ရွက်နေသည့် ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ကို လက်ရှိအခြေအနေအတိုင်း ထားရှိလုပ်ကိုင်သွားပြီး တာပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးသွားသည့်အချိန်တွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးနှစ်ဘက် ထိခိုက်နစ်နာမှုမရှိသော လုပ်ငန်းဇုန်များသတ်မှတ်၍ ဇုန်နှစ်ခုအကြား တာတမံပိုင်းခြားတည်ဆောက်ပေးရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ချောင်းဆုံမြို့နယ်ရှိ တောင်သူလယ်သမားများ တွေ့ကြုံနေရသော ရေကြီးရေလျှံခြင်းဒုက္ခများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် ဆည်များတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ ချောင်းဆုံမြို့နယ်ရဲ့ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အခက်အခဲဖြစ်နေတဲ့ကိစ္စကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချောင်းဆုံမြို့နယ် ဒေသခံများတို့ရဲ့ အဓိကအားထားနေရတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကတော့ အကျဉ်းအားဖြင့် လေးမျိုးရှိပါတယ်။ ၎င်းတို့မှာ (၁) လယ်ယာလုပ်ငန်း၊ (၂) ဥယျာဉ်ခြံလုပ်ငန်း၊ (၃) မွေးမြူရေးနှင့် ရေလုပ်ငန်း၊ (၄) စက်မှုလုပ်ငန်းတို့ ဖြစ်ကြပါတယ်။ လယ်ယာလုပ်ငန်းကို သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ချောင်းများ၊ မြောင်းများ၊ ရေကာတာများတို့ကို ကောင်းမွန်အောင် ဂရုတစိုက် ဆောင်ရွက်ပေးလျက်ရှိပါသော်လည်း ကျွန်တော်တို့ ဒေသသည် ရေနက်ကွင်းပေါ်များသော ဒေသဖြစ်ခြင်း၊ ပင်လယ်အထက် ၁၅ ပေခန့်သာမြင့်သော ရေပတ်လည်ဝန်းရံထားသည့်ကျွန်းဖြစ်နေခြင်း၊ သံလွင်မြစ်စီးဆင်းသည့်မြစ်ဝတွင် တည်ရှိနေခြင်း၊ ဒယ်အိုးသဖွယ် အလယ်တွင်ချိုင့်ခွက်နေသော ပုံသဏ္ဌာန်နေခြင်း၊ မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းသောဒေသဖြစ်ခြင်းတို့ကြောင့် ရေကြီးရေလျှံသည့်ဒဏ်ကို နှစ်စဉ်နှစ်တိုင်းခံစားရပါသဖြင့် စိုက်ပျိုးသောစပါးများ ရေနစ်မြုပ်ပြီး စပါးမရရှိသော လယ်မြေများအား နှစ်စဉ်အနဲနဲ့အများ ရှိကြပါသည်။ ရေနစ်မြုပ်သော်လည်း အလုံးစုံပျက်စီးခြင်းမရှိသော လယ်များလည်းရှိပါသည်။ ၎င်းလယ်တို့သည် တစ်ဧကလျှင် စပါး ၁၀ တင်းမျှ အလွန်ဆုံး ၄၀ တင်းမျှသာရရှိကြပြီး တင်း ၅၀ နှင့် ၆၀ ရရှိသောလယ်မြေဟာ အလွန်နည်းပါး/ရှားပါးပါကြောင်း တင်ပြလိုပါတယ်။ မိုးရာသီတွင် ရေလျှံပြီး စပါးပျက်စီးသည့်ဒဏ်ခံရပြီးနောက် ဆောင်းနှင့် နွေရာသီမှာလည်းဆည်ရေမရရှိပါသဖြင့် ဆောင်းသီးနှံနှင့် နွေစပါးတို့ကို ဆည်ရေရရှိသော အချို့ဒေသများကဲ့သို့ စိုက်ပျိုးနိုင်ခြင်းမရှိကြပါ။

သို့ဖြစ်ပါ၍ နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံးတွင် အချိန်သာကုန်၍ လုပ်ငန်းမတွင်ကျယ်သဖြင့် တွက်ခြေမကိုက်ဖြစ်နေကြရပါကြောင်း တင်ပြလိုပါတယ်။ ဥယျာဉ်ခြံလုပ်ငန်းမှာလည်း သမားရိုးကျ စိုက်ပျိုးပင်များကိုသာ စိုက်ပျိုးတတ်ကြပြီး တွက်ခြေကိုက်သည့် စီမံကိန်းဝင်သီးနှံပင်များ စိုက်ပျိုးနိုင်ခြင်းမရှိသေးပါသဖြင့်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းတို့မှာလည်း မိရိုးဖလာစနစ်ဖြင့် တစ်ပိုင်တစ်နိုင်မျှသာ လုပ်ကိုင်နိုင်ခြင်းတို့ကြောင့်လည်းကောင်း၊ အကျိုးရှိသင့်သလောက်မရှိဘဲ ဖြစ်နေပါကြောင်း တင်ပြလိုပါတယ်။

စက်မှုလက်မှုကဏ္ဍတွင်လည်း လွန်ခဲ့တဲ့နှစ် ၆၀ ခန့်ကဒေသတွင် လုပ်ကိုင်ကြသော်လည်း စားသုံးမှုအား နည်းပါးလာခြင်းတို့ကြောင့် လုပ်ငန်းကိုရပ်ဆိုင်းခဲ့ရပါတယ်။ ရော်ဘာကုန်ကြမ်းကို အသုံးပြု၍ အိမ်သုံး/ လူသုံး/အဆောက်အဦသုံးပစ္စည်းများ စမ်းသပ်တီထွင် လုပ်ကိုင်ခဲ့ပါသော်လည်း နည်းပညာ၊ စက်ကိရိယာ၊ ငွေအင်အား၊ လျှပ်စစ်ဓာတ်အားမပြည့်ဝပါသဖြင့် အောင်မြင်မှုရရှိရန် လက်တစ်ကမ်းအလိုမှာပင် လုပ်ငန်းရပ်ဆိုင်းခဲ့ရပြန်ပါတယ်။

သို့ဖြစ်ပါ၍ တင်ပြပါ အဓိကအသက်မွေးဝမ်းကျောင်း လေးမျိုးစလုံးတို့သည် အောင်မြင်မှုရာခိုင်နှုန်း အလွန်နည်းပါးသည့်အပြင် အချို့လုပ်ငန်းများတို့ကို ရပ်ဆိုင်းလိုက်ရပါသဖြင့် ကျေးလက်ဒေသခံပြည်သူများတို့သည် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိပြီး ဆင်းရဲနွမ်းပါးမှုဒဏ်ကို ပိုမိုခံစားနေကြရပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါသဖြင့် အဆိုပါ လုပ်ငန်းတို့အတွက် တိုးတက်မှုရှိသောနည်းစနစ်ကောင်းများကို နိုင်ငံတော်မှ ဦးဆောင်လမ်းညွှန်မှုပေးနိုင်ပါရန်နှင့် မေတ္တာရပ်ခံလိုပါကြောင်း တင်ပြအစီရင်ခံပြီး အောက်ဖော်ပြပါ ကြယ်ပွင့်ပြမေးခွန်းကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ချောင်းဆုံမြို့နယ်ရှိ တောင်သူလယ်သမားများ တွေ့ကြုံနေရသော ရေကြီးရေလျှံသည့်ဒုက္ခများတို့ကို ကွင်းဆင်းလေ့လာတိုင်းတာပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးပါရန်နှင့် နွေရာသီသီးနှံများစိုက်ပျိုးနိုင်ရန် ဒေသ၏ဂေဟစနစ် မထိခိုက်စေဘဲ ဆည်များတည်ဆောက်ပေးနိုင်သော အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် မည်ကဲ့သို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အစီအစဉ်မရှိပါက မည်သည့်အကြောင်းအရာများ ကြောင့်ဖြစ်သည်ဆိုတာကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်ခင်ဗျား။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ)ဦးနိုင်လှမောင်ရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံ မြို့နယ်တွင်တည်ရှိသော ဘီလူးကျွန်းသည် တောင်ဘက်နှင့်အနောက်ဘက်တွင် မုတ္တမပင်လယ်၊ မြောက်ဘက်နှင့်အရှေ့ဘက်တွင် သံလွင်မြစ်ဝတို့ တည်ရှိခြင်းကြောင့် မိုးရာသီကာလတွင် ရေကြီး နစ်မြုပ်မှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိသဖြင့် ချောင်းဆုံမြို့နယ်၏ အနောက်ဘက်နှင့်တောင်ဘက်တွင် ရေငန်တားတာများ ရှေးယခင်ကပင် တည်ဆောက်ပေးခဲ့ပါတယ်။ သို့သော်လည်း ရေတံခါးများ ထည့်သွင်းတည်ဆောက်နိုင်ခဲ့ခြင်း မရှိခဲ့သည့်အတွက် မိုးသည်းထန်စွာ ရွာသွန်းသည့်ကာလနှင့် ထူးကဲ ဒီရေတက်သည့်ကာလတို့ ကြုံကြိုက်သည့်အချိန်တွင် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှု၊ ပျက်စီးဆုံး ရှုံးမှုများ ဖြစ်ပေါ်လေ့ရှိပါတယ်။ လယ်ယာမြေများရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရန်အတွက် တိမ်ကောလျက်ရှိသော သဘာဝရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ရေငန်တားတာများ တာပုံစံကျ ပြုပြင်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ ရေနုတ်မြောင်း ၁၂ ခုနှင့် ရေငန်တားတာပုံစံကျပြုပြင်ခြင်း တစ်ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဧရိယာဧက ၁၃၀၀၀ကျော်ကို ရေဘေးကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း ရေဘေးကာကွယ်ဧက ၂၂၀၀ ဧကကို အကျိုးပြုနိုင်မည့် မုကွဲ-မုခနိတူးမြောင်းနှင့် အဝပြဲချောင်းတူးမြောင်းတူးဖော်ခြင်း၊ ဇီးကုန်းဆယ်ပလာတာတမံ ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပီလခတ်ချောင်းတူးဖော်ခြင်းလုပ်ငန်းကိုလည်း ပွင့်လင်း ရာသီတွင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ ထို့အပြင် ကွမ်လှာတူးမြောင်း၊ ကွမ်တော်ချောင်းနှင့် မုဒွန်းကြီးချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းလေ့လာ တိုင်းတာလျက်ရှိပြီး လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွား မည်ဖြစ်ပါတယ်။

**မူကြမ်း**

ရေနုတ်မြောင်းများတူးဖော်ရုံဖြင့် ရေကြီးနစ်မြုပ်မှုများအား အပြည့်အဝကာကွယ်နိုင်မည် မဟုတ်ဘဲ ရေငန်တားတာတမံများ ပြုပြင်တည်ဆောက်ပေးရန်လည်း လိုအပ်ပါတယ်။ ပင်လယ်ရေငန် ဝင်ရောက်မှု ကာကွယ်ရန်အတွက် တည်ဆောက်ထားသော ရေငန်တားတာတမံများကို နှစ်စဉ်ရရှိသည့် ရန်ပုံငွေအခြေ အနေအရ သာမန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် တာတမံများကို ပုံစံကျပြန်လည်ပြုပြင်ရန်နှင့် လိုအပ်သည့်နေရာ များတွင် ရေချိုသိုလှောင်နိုင်မည့် ရေတံခါးများ ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်ပါတယ်။ ဖော်ပြ ပါလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်တိုင်းတာခြင်းနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ချောင်းဆုံမြို့နယ်တွင် နွေရာသီသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် စိန်မြတောင်ရေလှောင်တမံ နှင့် ကတောင်စိန်ရေလှောင်တမံတို့အား တည်ဆောက်နိုင်ရန် ယခင်က ပဏာမစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဖော်ပြပါရေလှောင်တမံများ တည်ဆောက်ရန်အတွက် မြေပြင်တိုင်းတာ ခြင်းလုပ်ငန်းများ၊ ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် နှင့်လူမှုစီးပွားဘဝ ထိခိုက်နိုင်မှုဆန်းစစ်ချက် EIA,SIA လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပြီးနောက် အားသာချက်များရှိမှုအပေါ်တွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပို့ဆောင်ရေးဝန်ကြီးဌာနက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီး ဌာနက မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းတင်သွင်းရန်အတွက် ပို့ဆောင်ရေး ဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည့်တော်များ အားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လိုက်နာကျင့်သုံးလျက်ရှိသည့် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဥပဒေတွင်ပါရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်အပိုင်းများအား မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေအဖြစ် သီးခြားပြဋ္ဌာန်းရန်လိုအပ်လျက်ရှိပါတယ်။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေအား ပြဋ္ဌာန်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းတို့တွင် ခုတ်မောင်းသွားလာ၍ လုပ်ငန်းဆောင်ရွက်ကြမည့် ရေယာဉ်များ၏ သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များကို ချိုးဖောက်ခြင်း၊ ပျက်ကွက်ခြင်းများကြောင့် ဖြစ်ပွားရသည့် တာဝန်ရှိမှုအဆင့်ဆင့်တို့အား စစ်ဆေးဖော်ထုတ်ခြင်း၊ တည်ဆဲဥပဒေများ အရအရေးယူဆောင်ရွက်ခြင်းစသည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ရေကြောင်းသွားလာမှုတွင် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်နှင့် ဆက်ဆံဆောင်ရွက်မှုများတွင်လည်း အထောက်အကူရရှိနိုင်မှာဖြစ်ပါတယ်။ ထို့အပြင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အချို့နိုင်ငံများဟာ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းကျင့်သုံးလျက်ရှိခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တန်းတူဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့လွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

## မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းရန်အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ကမ်းရိုးတန်းတွင် သယ်ယူပို့ဆောင်ရေးရေယာဉ်များကိုလည်းကောင်း၊ ပြည်တွင်းရေကြောင်းတွင် သယ်ယူပို့ဆောင်ရေး ရေယာဉ်များကိုလည်းကောင်း စည်းကမ်းချက်များသတ်မှတ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုပြီး စီမံခန့်ခွဲနိုင်ရေးအတွက် ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၉-၂၀၁၄ ရက်နေ့နှင့် ၄-၉-၂၀၁၄ ရက်နေ့များတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။

**မူကြမ်း**

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး အစီရင်ခံစာပါ စာမျက်နှာ(၂) အမှတ်စဉ်(၁)မှ စာမျက်နှာ ၁၀ အမှတ်စဉ် ၄၆ အထိဖြစ်ပါတယ်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၀)ခန်းနှင့် အပိုဒ်ပေါင်း (၃၂) ခုရှိပါသည်။

(၂) ၁၃၇၅ ခုနှစ်အား ၁၃၇၆ ခုနှစ်ဟု ပြင်ဆင်ပြီး နိဒါန်းအား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

(၃) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)တို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စကားရပ်အား နိုင်ငံတော် ဟု ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ရှိ အခြားရေလမ်းတစ်ခုခု စကားရပ်အား အခြား ရေလမ်းကြောင်း တစ်ခုခုဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)အား ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဆိုသည်မှာ မြန်မာ့ကမ်းရိုးတန်း၌ဖြစ်စေ၊ ပြည်တွင်းရေကြောင်း၌ဖြစ်စေ စီးပွားရေးအလို့ငှာ ခရီးသည်၊ ကုန်စည် သို့မဟုတ် ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကို ရေယာဉ်ဖြင့် သယ်ယူပို့ဆောင်သည့် လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်ဖြင့် လုပ်ကိုင်သော အခြားလုပ်ငန်း တစ်ခုခုလည်းပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(င)ရှိ စက်ရှိရေယာဉ်စကားရပ်အား စက်တပ်ရေယာဉ်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ရှိ ကြီးကြပ်ရေးဗဟိုအဖွဲ့ဆိုသည်မှာ စကားရပ်နောက်တွင် ဤဥပဒေအရဖွဲ့စည်းသောစကားရပ် ဖြည့်စွက်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဆ)အား ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဆိုသည်မှာ ကြီးကြပ်ရေးဗဟိုအဖွဲ့က လွှဲအပ်သည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း

များကို ကြီးကြပ်နိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် ဖွဲ့စည်းပေးသော ဒေသဆိုင်ရာအဖွဲ့များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)အား လုပ်ငန်းလိုင်စင် ဆိုသည်မှာ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်လွှဲအပ်သည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုချက်ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)အား ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေး ဝန်ကြီးဌာနကိုဆိုသည်ဟု ပြင်ဆင်သဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန စကားရပ်များအား ဝန်ကြီးဌာနဟု အသီးသီး ပြင်ဆင်ပါသည်။

(၁၁) အခန်း (၂) ရည်ရွယ်ချက်အား အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်း ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်၊

(ဂ) မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဃ) ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်၊

(င) လုပ်ငန်းလိုင်စင်နှင့် သက်ဆိုင်သည့် ရေယာဉ်များပြေးဆွဲရမည့် နယ်မြေနှင့်ခရီးစဉ်များအား စိစစ်ခွင့်ပြု သတ်မှတ်ပေးနိုင်ရန်၊

(စ) စည်းကမ်းဖောက်ဖျက်သော ရေယာဉ်များ၊ အသင်းအဖွဲ့များအား ကြီးကြပ်အရေးယူနိုင်ရန်။

(၁၂) အခန်း (၂) အသစ်ဖြည့်စွက်သဖြင့် ကျန်အခန်းများ အမှတ်စဉ် ပြောင်းလဲ သွားပါမည်။

(၁၃) အခန်း (၂) အပိုဒ် ၃ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၄။ ဝန်ကြီးဌာနသည် ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ကြီးကြပ် ရန်နှင့် ဤဥပဒေအရ အပ်နှင်းသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်-

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပို့ဆောင်ရေးဦးစီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(င) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

(စ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့သင်္ဘောကျင်းလုပ်ငန်း

(ဇ) ဌာနမှူး အဖွဲ့ဝင်

**မူကြမ်း**

နိုင်ငံဖြတ်ကျော်မှုခင်းဌာန၊
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဈ) အခြားသင့်လျော်သောပုဂ္ဂိုလ် နှစ်ဦး အဖွဲ့ဝင်များ

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရေကြောင်းပို့ဆောင်ရေး
ညွှန်ကြားမှုဦးစီးဌာန

(၁၄) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)အား ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၁၅) အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က)အား ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနိုင်ငံများနှင့်သော်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းများနှင့်သော်လည်းကောင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၅ အပိုဒ်ခွဲ(ခ)အား လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်သည့်နယ်မြေနှင့် ခရီးစဉ်အတွက် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ လုပ်ငန်းလိုင်စင်အသစ်လဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် အခကြေးငွေများ စည်းကြပ်ကောက်ခံခြင်းဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၅ အပိုဒ်ခွဲ(စ)ရှိ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များစကားရပ်အား မိမိ၏ လုပ်ငန်းတာဝန်များဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)အား ရေယာဉ်များကို ရပ်တန့်၍ ဝင်ရောက်စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားစသည်တို့ကို ရှာဖွေသိမ်းဆည်းခြင်းဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၅ အပိုဒ်ခွဲ(ဇ)ရှိ ရေယာဉ်အသင်းအဖွဲ့တို့အား စကားရပ်အား ရေယာဉ်ကိုဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၀) အပိုဒ် ၅ အပိုဒ်ခွဲ(ဈ)အား ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၆ အား ကြီးကြပ်ရေးဗဟိုအဖွဲ့သည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိ၏အဖွဲ့ဝင်များအား အဖွဲ့ဖွဲ့စည်း၍သော်လည်းကောင်း၊ ဦးစီးဌာနအားလည်းကောင်း၊ သက်ဆိုင်သည့်ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့အားလည်းကောင်း လွှဲအပ်တာဝန်ပေးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၇ ရှိ ပျက်ပြယ်ခြင်းမရှိစေရ စကားရပ်အား ယင်း၏ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရဟု ပြင်ဆင်ပါသည်။

(၂၃) အခန်း (၄) အပိုဒ် ၈ ရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များတွင် စကားရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင်ဟုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း စကားရပ်အား ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဟုလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ စကားရပ်အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၉ အား ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် ကြီးကြပ်ရေးဗဟိုအဖွဲ့က အခါအားလျော်စွာ လွှဲအပ်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ခရိုင် သို့မဟုတ် မြို့နယ်များတွင် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၀ အား ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၁၁ အား ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ လုပ်ကိုင်လိုသူသည် မိမိလုပ်ကိုင်မည့် ဒေသနှင့်သက်ဆိုင်သည့် ဒေသဆိုင်ရာ

**မူကြမ်း**

ကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၂ အား အပိုဒ် ၁၇ အဖြစ် ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ၁၉၅၄ ခုနှစ်၊ သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေ သို့မဟုတ် ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ လိုင်စင်ဖြင့် မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း သို့မဟုတ် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်နေသူသည် အဆိုပါ လိုင်စင် သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက ဝန်ကြီးဌာနက သတ်မှတ်ပေးသည့် ကာလအတွင်း ပုဒ်မ ၁၂ နှင့်အညီ လုပ်ငန်းလိုင်စင်ရရှိရန် လျှောက်ထားရမည်။ ထိုသို့ လုပ်ငန်းလိုင်စင်လျှောက်ထားဆဲ ကာလအတွင်း ထိုသူသည် အဆိုပါ လုပ်ငန်းကို ဆက်လက်၍ လုပ်ကိုင်နိုင်ခွင့် ရှိစေရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၁၃ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၁၃။ ပုဒ်မ ၁၂ အရ လျှောက်ထားချက်ကိုရရှိသည့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သည် -

(က) ကြီးကြပ်ရေးဗဟိုအဖွဲ့က သတ်မှတ်ထားသည့် ရေယာဉ်အမျိုးအစားအလိုက် မိမိတို့ လုပ်ငန်းလိုင်စင် ထုတ်ပေးနိုင်ခွင့်ရှိသော ရေယာဉ် အမျိုးအစားအတွက်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ဆုံးဖြတ်ပါက လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် စည်းကမ်းချက်များသတ်မှတ်၍ နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ဆောင်ရွက်ရမည်။

(ဂ) မိမိတို့ လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်သော ရေယာဉ်အမျိုးအစား မဟုတ်ပါက ကြီးကြပ်ရေးဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

**မူကြမ်း**

(၂၉) အပိုဒ် ၁၃ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၄။ ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ဂ)အရ တင်ပြချက်ကို ရရှိသည့် အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် လျှောက်ထားသူထံ လုပ်ငန်းလိုင်စင်ထုတ် ပေးရန် ဆောင်ရွက်ရမည်။

(၃၀) အပိုဒ် ၁၄ ရှိ လုပ်ငန်းလိုင်စင်ရရှိသူ သို့မဟုတ် အသင်းအဖွဲ့သည် စကားရပ်အား လုပ်ငန်း လိုင်စင်ရရှိသူသည်ဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)အား လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၁၅ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ ဝန်ကြီးဌာနသည် ရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သော အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းပိုင် ရေယာဉ်များနှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေအရ လုပ်ငန်းလိုင်စင်ရယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့် ပြုနိုင်သည်။

(ခ) ယင်းသို့ ကင်းလွတ်ခွင့်ပြုကြောင်းကို အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ရ မည်။

(၃၃) အခန်း (၆) ခေါင်းစဉ်အား စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၁၆ အား ကြီးကြပ်ရေးဗဟိုအဖွဲ့ သို့မဟုတ် ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သည် မိမိထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်ရရှိသူက ဤဥပဒေအရပြုသည့် နည်းဥပဒေ များ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက် တစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ပါ

စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၅) အခန်း(၇) အပိုဒ် ၁၇ အား ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၁၈ အရ ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့်စာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကြီးကြပ်ရေး ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၂၀ အား အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၀။ (က) ကြီးကြပ်ရေးဗဟိုအဖွဲ့သည် ပုဒ်မ ၁၉ အရ အယူခံမှုကို စိစစ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ခ) ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(၃၇) အပိုဒ် ၂၁ အဖြစ် ကြီးကြပ်ရေးဗဟိုအဖွဲ့က ပုဒ်မ ၁၈ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုအမိန့်စာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၃၈) အပိုဒ် ၁၈ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၂။ (က) ဝန်ကြီးဌာနသည် ပုဒ်မ ၂၁ အရ အယူခံမှုကို စိစစ်ပြီး ကြီးကြပ်ရေး ဗဟိုအဖွဲ့၏ အမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(၃၉) အခန်း(၈) နှင့် အခန်း(၉) ခေါင်းစဉ်တို့အားတားမြစ်ချက်နှင့် ပြစ်ဒဏ်ဟု တစ်ပေါင်းတည်းပြင်ဆင်ပါသည်။

(၄၀) အပိုဒ် ၁၉ အား မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ ရေကြောင်းသယ်ယူ ပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် လုပ်ကိုင်စေခြင်းမပြုရဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၄၁) ဤဥပဒေရှိ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၉ နှင့် အပိုဒ် ၃၀ တို့အား ပယ်ဖျက်ပါသည်။

(၄၂) အပိုဒ် ၂၁ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၄။ (က) မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်း မှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကို ထပ်မံကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး ခြောက်လ ချမှတ်ရမည့်ပြင် ကျပ်တစ်ဆယ်သိန်းအောက်မ လျော့သော ငွေဒဏ်လည်း ချမှတ်ရမည်။

(၄၃) အပိုဒ် ၂၄ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၅။ ဝန်ကြီးဌာနသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင်ကြေး၊ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားရမည်။

(ခ) လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လုပ်ငန်းလိုင်စင် သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။

(၄၄) အပိုဒ် ၂၆ အဖြစ် ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်ဟုအသစ်ဖြည့်စွက်ပါသည်။

(၄၅) အပိုဒ် ၂၆ အား အပိုဒ် ၂၈ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ဘေးဒုက္ခမှ ကယ်ဆယ်ရန် စကားရပ်အား ဘေးအန္တရာယ် တစ်စုံတစ်ရာ ကျရောက်မှုမှ ကယ်ဆယ်ရန်ဟု ပြင်ဆင် ပါသည်။

(၄၆) အပိုဒ် ၃၁ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

**မူကြမ်း**

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅။ သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥက္ကဋ္ဌ။ ဥပဒေကြမ်းကော်မတီ။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာ့ ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို တိတိကျကျဖော်ပြ၍ ၂၂-၉-၂၀၁၄ ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၁း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]